# ချင်းပြည် (Chinland) တည်ဆောက်ခြင်း



## ချင်းပြည်သူတို့၏ ကိုယ်ပိုင်ပြဌာန်းခွင့်ကို ကျင့်သုံးပြီး (၂) နှစ်ခွဲကာလအတွင်း အုပ်ချုပ်ရေးဖော်ဆောင်မှု

အစီရင်ခံစာ

ဩဂုတ် ၂၀၂၆




Chin Centre for Peace and Reconciliation (CCPR) ၏ ပံ့ပိုးကူညီမှုဖြင့်
**ချင်းပြည်(Chinland)ကောင်စီ**က ပြုစုတင်ပြသည်။

# ချင်းပြည် (Chinland) တည်ဆောက်ခြင်း

## ချင်းပြည်သူတို့၏ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ကျင့်သုံးပြီး
## (၂) နှစ်ခွဲကာလအတွင်း အုပ်ချုပ်ရေးဖော်ဆောင်မှု

အစီရင်ခံစာ

ဩဂုတ် ၂၀၂၆

Chin Centre for Peace and Reconciliation (CCPR) ၏ ပံ့ပိုးကူညီမှုဖြင့်
**ချင်းပြည် (Chinland) ကောင်စီ**က ပြုစုသည်။
https://chinpeacecenter.org

Copyright © August 2026, Chinland Council.

This report is released for free public use and distribution. The Chinland Council encourages readers to share, quote, reproduce, and cite this document in whole or in part, including for advocacy, journalism, research, and diplomatic purposes.

Published by
Chinland Council

# မာတိကာ


ချင်းပြည် (Chinland) ကောင်စီ အတွင်းရေးမှူး၏ အမှာစကား . . . . . . . . . . . . . . . . . . . 1

နိဒါန်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . 3

ချင်းပြည်(Chinland)လွှတ်တော် . . . . . . . . . . . . . . . . . . . . . . . . . . . . . . 6

ချင်းပြည်(Chinland)အစိုးရအဖွဲ့ . . . . . . . . . . . . . . . . . . . . . . . . . . . . . 8

နိုင်ငံခြားရေးဝန်ကြီးဌာန . . . . . . . . . . . . . . . . . . . . . . . . . . . . . 8

ကာကွယ်ရေးဝန်ကြီးဌာန . . . . . . . . . . . . . . . . . . . . . . . . . . . . . 9

ပြည်ထဲရေးဝန်ကြီးဌာန . . . . . . . . . . . . . . . . . . . . . . . . . . . . . 10

ပညာရေးဝန်ကြီးဌာန . . . . . . . . . . . . . . . . . . . . . . . . . . . . . 11

ကျန်းမာရေးဝန်ကြီးဌာန . . . . . . . . . . . . . . . . . . . . . . . . . . . . . 13

လူမှုဖွံ့ဖြိုးရေးဝန်ကြီးဌာန . . . . . . . . . . . . . . . . . . . . . . . . . . . . 16

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန . . . . . . . . . . . . . . . . . . . . . . . . 19

ချင်းပြည်(Chinland)တရားစီရင်ရေး . . . . . . . . . . . . . . . . . . . . . . . . . . . 21

မဟာဗျူဟာရှေ့လုပ်ငန်းစဉ် . . . . . . . . . . . . . . . . . . . . . . . . . . . . . . 23

ရေရှည်တည်တံ့မည့် ယန္တရားများတည်ဆောက်ခြင်း . . . . . . . . . . . . . . . . . . . 23

မဟာဗျူဟာဦးစားပေးလုပ်ငန်းစဉ်များ . . . . . . . . . . . . . . . . . . . . . . . . 25

နိုင်ငံတကာမှ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ . . . . . . . . . . . . . . . . 27

# Abbreviations

| Term | Definition |
|---|---|
| CBO | Community-Based Organization |
| CDF | Chinland Defense Force |
| CDM | Civil Disobedience Movement |
| CNA | Chin National Army |
| CNF | Chin National Front |
| DCT | Defense Coordination Team |
| HMIS | Health Management Information System |
| IDP | Internally Displaced Person |
| IHL | International Humanitarian Law |
| NGO | Non-Governmental Organisation |
| WHO | World Health Organization |

# ချင်းပြည် (Chinland) ကောင်စီ အတွင်းရေးမှူး၏ အမှာစကား



ယခုကဲ့သို့အခက်အခဲနှင့်စိန်ခေါ်မှုပေါင်းများစွာကြုံတွေ့နေရသည့် ကာလ၌ ချင်းပြည် (Chinland) လွှတ်တော်၊ ချင်းပြည် (Chinland) အစိုးရအဖွဲ့နှင့် ချင်းပြည် (Chinland) တရားလွှတ်တော်ချုပ်တို့၏ လုပ်ငန်းဆောင်ရွက်မှုများကို အစီရင်ခံ တင်ပြခွင့်ရရှိသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ဦးစွာဖော်ပြလိုပါသည်။

ချင်းပြည် (Chinland) ကောင်စီကို အစုအဖွဲ့ (၃) ခုဖြစ်ကြသော ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခြင်းခံရပြီး စစ်အာဏာရှင်တော်လှန်ရေးတွင် ပူးပေါင်းပါဝင်လျက်ရှိသော ချင်းလွှတ်တော်အစုအဖွဲ့၊ ချင်းအမျိုးသားတပ်ဦး(CNF)အစုအဖွဲ့နှင့် မြို့နယ်နှင့်ဒေသအစုအဖွဲ့တို့ဖြင့် စုပေါင်း၍ဖွဲ့စည်းတည်ဆောက်ထားသည်။ ချင်းပြည် (Chinland) ကောင်စီက ချင်းပြည် (Chinland) ဥပဒေပြုရေး၊ ချင်းပြည် (Chinland) အုပ်ချုပ်ရေးနှင့် ချင်းပြည် (Chinland)တရားစီရင်ရေးတို့အတွက် မဟာဗျူဟာလမ်းညွှန်မှုနှင့် မူဝါဒချမှတ်ခြင်းတို့ကို ဆောင်ရွက်ပါသည်။

Salai Kep Chin Thang
အတွင်းရေးမှူး
ချင်းပြည် (Chinland)ကောင်စီ
Email: chinlandcouncilcc@protonmail.com
Facebook page: Chinland Council

မြို့နယ်နှင့်ဒေသများသည် ကိုယ်ပိုင်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းပိုင်ခွင့်ရှိပြီး ကိုယ်ပိုင်အုပ်ချုပ်ရေးအသီးသီးကို ဖော်ဆောင်ကြသည်။ ယင်းမြို့နယ်နှင့်ဒေသများက စုပေါင်းပြီး အောက်မှအထက်သို့ ချဉ်းကပ်မှုပုံစံဖြင့် ချင်းပြည် (Chinland)ကောင်စီကို အတူတကွ ဖွဲ့စည်းတည်ဆောက်ကြသည်။ မြို့နယ်နှင့်ဒေသများကို ယခင် ၂၀၂၁ အာဏာမသိမ်းမီကာလက တည်ရှိခဲ့သော အုပ်ချုပ်ရေးနယ်နိမိတ်များကို အခြေမခံဘဲ ရှေးယခင်အဆက်ဆက်ကတည်းက တည်ရှိရှင်သန်နေခဲ့သော ဒေသနှင့်မျိုးနွယ်စု နယ်နိမိတ်များကို အခြေခံ၍ဖွဲ့စည်းထားသည်။

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းသည့်အချိန်မှစ၍ ချင်းပြည်သူတို့သည် မိမိဒေသကို ကာကွယ်ရေးနှင့်အုပ်ချုပ်ခြင်းတို့ကို မိမိတို့ကိုယ်တိုင် စတင်ဆောင်ရွက်လာခဲ့ကြသည်။ ရာစုနှစ်ချီခွဲခြားအုပ်ချုပ်ခံရခြင်း၊ ဖိနှိပ်ခံရခြင်းတို့ကြောင့် ချင်းလူ့အဖွဲ့အစည်းအတွင်း အချင်းချင်းနားလည်မှုလွဲမှားခြင်းနှင့်ယုံကြည်မှုအားနည်းခြင်းများရှိနေလင့်ကစား ချင်းလူမျိုးအားလုံး၏ ဘုံရည်မှန်းချက်မှာတူညီကြပါသည်။ လတ်တလောတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် အမြင်မတူကွဲပြားမှုများကို ကျော်လွှားပြီး ချင်းအမျိုးသားတည်ဆောက်ရေးအတွက် ချင်းပြည် (Chinland) ကောင်စီက ဦးစားပေးဆောင်ရွက်နေပါသည်။

ချင်းပြည် (Chinland) ကောင်စီကို ဖွဲ့စည်းတည်ထောင်ခြင်းဖြင့် ကွဲပြားနေသည့် နိုင်ငံရေးနှင့်အုပ်ချုပ်ရေးအဖွဲ့များကို စုစည်းနိုင်ခဲ့သည်။ ချင်းပြည် (Chinland) ကောင်စီတွင် ဆွေးနွေးညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဘုံသဘောတူညီချက်များ ဖော်ထုတ်ခြင်းတို့ကို ဆောင်ရွက်လာနိုင်ခဲ့သည်။ ချင်းပြည် (Chinland) ကောင်စီကို အဖွဲ့အစည်းအမြောက်အမြားဖြင့်ကျယ်ပြန့်စွာ စုဖွဲ့ထားရာ မတူညီသည့်အမြင်နှင့်အတွေ့အကြုံများ ရှိနေသော်လည်း တူညီသည့်ဘုံရည်မှန်းချက်ကို ရှေးရှုပါက အတူတကွ ပူးပေါင်းအလုပ်လုပ်နိုင်ကြောင်း သက်သေထူလျက်ရှိသည်။ ဥပမာအားဖြင့် - ချင်းအမျိုးသားတပ်ဦး(CNF)၏ ချင်းပြည် (Chinland) ကောင်စီတွင် ပါဝင်မှုဦးရေကို (၂၇) ဦးမှ (၁၅) ဦးသို့ အားလုံး၏ သဘောတူညီချက်ဖြင့် လျှော့ချခဲ့သည်။ ယင်းသို့ဆောင်ရွက်ခြင်းက ချင်းပြည် (Chinland) ကောင်စီအဖွဲ့ဝင် အဖွဲ့အစည်းများအကြား အပြန်အလှန် လက်ခံယုံကြည်မှု တိုးပွားစေခဲ့သည်။ ချင်းပြည် (Chinland) ကောင်စီအနေဖြင့် ချင်းပြည် (Chinland) ရှိ သက်ဆိုင်သူအားလုံးနှင့် လက်တွဲချိတ်ဆက်ဆောင်ရွက်ရန် အစဉ်ကြိုးပမ်းနေမည်ဖြစ်ပါသည်။

၂၀၂၁ မှ ၂၀၂၃ ကာလအတွင်းတွင် ချင်းပြည် (Chinland) ရှိ အုပ်ချုပ်ရေးသည် ဒေသန္တရအဆင့်တွင်သာ တည်ရှိလည်ပတ်ခဲ့သည်။ ချင်းပြည် (Chinland) ကောင်စီကို စုပေါင်းဆောင်ရွက်မှုဖြင့် ဖွဲ့စည်းပြီးနောက်တွင် နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာ အဖွဲ့အစည်းများကို ချင်းပြည် (Chinland) အဆင့်တွင် စတင်ဖော်ဆောင်နိုင်ခဲ့သည်။ ယင်းအဖွဲ့အစည်းယန္တရားများကို ပဋိပက္ခနှင့် တော်လှန်ရေးကာလအတွင်း တည်မြဲပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

အကြမ်းဖက်စစ်အုပ်စု၏ အုပ်ချုပ်ရေးစနစ်သည် ချင်းပြည်သူများအပေါ် အသက်ဝင်မှုအနည်းအကျဉ်းသာရှိသည်။ ယင်းတို့ခြေကုပ်ယူထားသည့် မြို့များတွင်ပင် အုပ်ချုပ်ရေးကိုထိရောက်စွာ ဖော်ဆောင်နိုင်ခြင်းမရှိပါ။ ၂၀၂၅ ခုနှစ်တွင် ကျင်းပခဲ့သော တရားမဝင် အတုယောင်ရွေးကောက်ပွဲ အခင်းအကျင်းနှင့်ရလဒ်ကို ကြည့်ပါက ချင်းပြည် (Chinland) တွင် အကြမ်းဖက်

စစ်အုပ်စု၏ အုပ်ချုပ်ရေးသက်ရောက်မှု မည်မျှနည်းပါးကြောင်း အထင်းသားပေါ်လွင်နေပါသည်။ ထို့ကြောင့် ယခုကာလတွင် ချင်းပြည်သူများက မိမိတို့ကိုယ်တိုင် မိမိတို့၏ ခွန်အားဖြင့် ဖွဲ့စည်းထူထောင်ထားသော အုပ်ချုပ်ရေးသည်သာ ပြည်သူကို အမှန်တကယ် ကိုယ်စားပြုသည့် အုပ်ချုပ်ရေးဖြစ်ပါသည်။ ချင်းပြည်သူများကို အကာအကွယ်ပေးရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဝန်ဆောင်မှုပေးရေးတို့သည် ချင်းပြည် (Chinland) ကောင်စီ၏ ဦးစားပေးလုပ်ငန်းများ ဖြစ်ပါသည်။

CDM နိုင်ငံ့ဝန်ထမ်းများ၏ ပေးဆပ်ပါဝင်မှုနှင့် ချင်းပြည်သူတို့၏ စွန့်လွှတ်အနစ်နာခံမှုများ အပါအဝင် အသက်၊ သွေး၊ ချွေး၊ ခန္ဓာအစိတ်ပိုင်းနှင့် ဘဝပေးလှူခဲ့ကြသော ရဲဘော်ရဲမေများ မရှိဘဲ ယခုအခြေအနေသို့ရောက်ရှိနိုင်မည် မဟုတ်ပေ။

တော်လှန်ရေးကာလအတွင်း ကိုယ်ပိုင်အစိုးရကို ဖွဲ့စည်းတည်ဆောက်ရသည်ဖြစ်၍ အခက်အခဲနှင့် စိန်ခေါ်မှုများစွာကို မလွဲကေန်ကြုံတွေ့ရမည် ဖြစ်ပါသည်။

ဘဏ္ဍာငွေအရင်းအမြစ်နှင့် လူ့စွမ်းအားအရင်းအမြစ် ရှားပါးမှုကြောင့် ချမှတ်ထားသော မူဝါဒနှင့်လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရာတွင် အားနည်းချက်များ ကြုံတွေ့ရပါသည်။ ထို့အပြင် အကြမ်းဖက်စစ်အုပ်စုကလည်း အပြစ်မဲ့အရပ်သားများအပေါ် အကြမ်းဖက်မှုများ ဆက်တိုက်ပြုလုပ်နေရာ ပြည်သူများကို အကာအကွယ်ပေးရေးနှင့် လိုအပ်သည့် အကူအညီပံ့ပိုးရေးများကို တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်နေသည်။

လက်ရှိအချိန်အထိ အုပ်ချုပ်ရေးနှင့်ဝန်ဆောင်မှုတွင် အရင်းအမြစ်လုံလောက်မှုမရှိဘဲ စေတနာ့ဝန်ထမ်းများကို အဓိက မှီခိုအားထားနေရသည်။ ဖွဲ့စည်းထူထောင်ထားသည့်ယန္တရားများ လျှင်မြန်စွာ ခိုင်မာအားကောင်းရေးနှင့် ရေရှည်တည်မြဲရေးအတွက် အကန့်အသတ်များစွာ ရှိနေပါသည်။ ယင်းအခက်အခဲများကို အစိုးရအဖွဲ့အတွင်း မြင်တွေ့နိုင်ပါသည်။ ဒေသန္တရ ရဲတပ်ဖွဲ့များကို သင်တန်းပေးခြင်းမှစ၍ စေတနာ့ဝန်ထမ်းများနှင့် လည်ပတ်နေရသည့် ပညာရေးရုံးများအထိ ရန်ပုံငွေအကြပ်အတည်း ကြုံတွေ့နေရသည်။

ဤအစီရင်ခံစာတွင် ချင်းပြည်သူများအနေဖြင့် စစ်အာဏာသိမ်းမှုနောက်ပိုင်း အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးတို့ကို ကိုယ်ထူကိုယ်ထဖြင့် မည်သို့မည်ပုံ ကြိုးပမ်းတည်ဆောက်ထားကြောင်းကို တင်ပြသွားမည်ဖြစ်ပါသည်။ တော်လှန်ရေးအင်အားစုများနှင့် နိုင်ငံတကာအသိုင်းအဝန်းအနေဖြင့်လည်း ချင်းပြည် (Chinland) ကောင်စီ၏ ရပ်တည်ချက်နှင့် အုပ်ချုပ်ရေးဖော်ဆောင်မှု အခြေအနေများကို ရှင်းလင်းနားလည်စေရန် ရည်ရွယ်ပါသည်။ ဤအစီရင်ခံစာက နိစ္စဓူဝ အုပ်ချုပ်ရေးဆောင်ရွက်မှု၊ ပြည်သူကိုဝန်ဆောင်မှုပေးခြင်းနှင့် အစိုးရယန္တရားများ ဖွဲ့စည်းထူထောင်ထားရှိမှု ပကတိအနေအထားများကို နားလည်သဘောပေါက်ရန် အထောက်အကူဖြစ်မည်ဟု မျှော်လင့်ပါသည်။

ချင်းပြည် (Chinland) ကောင်စီသည် ချင်းလူမျိုးတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံချက်ရှိသော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရန် ချင်းလူမျိုးများ စုစည်းညီညွတ်ရေးနှင့် ချင်းတော်လှန်ရေးအင်အားစုများနှင့် လက်တွဲတော်လှန်တိုက်ပွဲဝင်ရေးအတွက် ဦးစားပေးဆောင်ရွက်သွားမည် ဖြစ်ပါသည်။

> **“ ၂၀၂၁ မှ ၂၀၂၃ ကာလအတွင်းတွင် ချင်းပြည် (Chinland) ရှိ အုပ်ချုပ်ရေးသည် ဒေသန္တရအဆင့်တွင်သာ တည်ရှိလည်ပတ်ခဲ့သည်။ ချင်းပြည် (Chinland) ကောင်စီကို စုပေါင်းဆောင်ရွက်မှုဖြင့် ဖွဲ့စည်းပြီးနောက်တွင် နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာ အဖွဲ့အစည်းများကို ချင်းပြည် (Chinland) အဆင့်တွင် စတင်ဖော်ဆောင်နိုင်ခဲ့သည်။ ”**

# နိဒါန်း

ချင်းလူမျိုးတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို လက်တွေ့ကျင့်သုံးပြီး ချင်းပြည် (Chinland) တည်ဆောက်ရေးနှင့် ချင်းအမျိုးသားတည်ဆောက်ရေး ဖော်ဆောင်ရန်အတွက် ချင်းပြည် (Chinland) ကောင်စီညီလာခံက ချင်းပြည် (Chinland) ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၂၃) ကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၆) ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ချင်းပြည် (Chinland) ကောင်စီကို ချင်းအမျိုးသားတော်လှန်ရေး ပိုမိုအားကောင်းရေး၊ အစိုးရယန္တရားများ စနစ်တကျ တည်ဆောက်လည်ပတ်နိုင်ရေးနှင့် ချင်းအမျိုးသားတည်ဆောက်ရေး ရည်မှန်းချက်များဖြင့် ချင်းပြည် (Chinland) ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ချင်းပြည် (Chinland) ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၂၃) အရ ချင်းပြည် (Chinland) လွှတ်တော်၊ ချင်းပြည် (Chinland) အစိုးရနှင့် ချင်းပြည် (Chinland) တရားလွှတ်တော်ချုပ်တို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းပြီးနောက် ရက်ပေါင်း (၆၀) အတွင်း ဖွဲ့စည်းထူထောင်နိုင်ခဲ့သည်။ ယင်းသို့ဖြင့် တော်လှန်ရေးကာလအတွင်းမှာပင်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်ကို တည်ဆောက်ကာ ချင်းလူမျိုးတို့၏ အချုပ်အခြာအာဏာကို ကျင့်သုံးပြီး ပြည်သူ့အုပ်ချုပ်ရေး ဖော်ဆောင်ခြင်းနှင့် နိုင်ငံရေး အသွင်ကူးပြောင်းမှုအတွက် အခြေခံအုတ်မြစ်များကို စတင်ချမှတ်ထားနိုင်ပြီဖြစ်သည်။

ချင်းအမျိုးသားတော်လှန်ရေး၏ ရည်မှန်းချက်ပန်းတိုင်သည် တပြည်ထောင်စနစ်နှင့် အာဏာရှင်စနစ်တို့ကို ဖျက်သိမ်းပြီး ချင်းလူမျိုးတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ကျင့်သုံးဖော်ဆောင်ရန်နှင့် ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက်ရှိသည့် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးဖြစ်ကြောင်း ချင်းပြည် (Chinland)ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အတိအလင်း ဖော်ပြထားသည်။ ထို့ကြောင့် ချင်းပြည် (Chinland) ကောင်စီအနေဖြင့် ချင်းအမျိုးသားတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ကျင့်သုံးလျက်ရှိပြီး တချိန်တည်းတွင် ပြည်ထောင်စုအတိုင်းအတာ၌ အာဏာရှင်စနစ် ဖျက်သိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီစနစ် တည်ဆောက်ရေးတွက် ကတိကဝတ်ပြုကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။




**ဘယ်မှညာသို့ : Salai Men Nyo (ဒုဥက္ကဋ္ဌ ၁), Pu Zing Cung (ဥက္ကဋ္ဌ),**
**Salai Bawi Kung (ဒုဥက္ကဋ္ဌ ၂)**

လက်ရှိ ချင်းပြည် (Chinland) ကောင်စီ၏ အုပ်ချုပ်ရေးစနစ်က လူဦးရေ (၂၅၀,၀၀၀) ကျော်ကို လွှမ်းခြုံထားသည်။ နယ်မြေအားဖြင့် (၃၀,၀၀၀) စတုရန်းကီလိုမီတာခန့် ကျယ်ဝန်းပြီး အိန္ဒိယနိုင်ငံနှင့် ကီလိုမီတာ (၄၀၀) ကျော် နယ်နိမိတ်ချင်း ထိစပ်နေသည်။

ချင်းပြည် (Chinland) ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခြေခံမူများတွင် ဒီမိုကရေစီစနစ်၊ လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်၊ ဘာသာရေးကို အခြေမခံသော နိုင်ငံရေးစနစ်များကို ကျင့်သုံးကြောင်း ပြဋ္ဌာန်းထားပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများကိုလည်း အာမခံချက်ပေးထားသည်။ ချင်းပြည် (Chinland) ရှိ လက်နက်ကိုင်တပ်ဖွဲ့အားလုံးကို အရပ်သားအုပ်ချုပ်ကွပ်ကဲမှုအောက်တွင် ထားရှိသည်။ ချင်းအမျိုးသားတပ်မတော်သည် ချင်းပြည် (Chinland) ၏တခုတည်းသော အမျိုးသားတပ်မတော်ဖြစ်ကာ ချင်းအမျိုးသားတပ်မတော်နှင့်ဒေသန္တရ ကာကွယ်ရေးတပ်ဖွဲ့များသည် ချင်းပြည် (Chinland) အစိုးရအဖွဲ့ ကာကွယ်ရေးဝန်ကြီးဌာန၏ တိုက်ရိုက်ကြီးကြပ်ကွပ်ကဲမှု အောက်တွင် ရှိကြသည်။ ချင်းအမျိုးသားတပ်မတော်နှင့် ဒေသန္တရကာကွယ်ရေးတပ်ဖွဲ့အားလုံးသည် ပြဋ္ဌာန်းထားသော စစ်ဖက်ဆိုင်ရာ ကျင့်ဝတ်စည်းမျဉ်းများနှင့် ဥပဒေများကို လိုက်နာကြရကာ စစ်ဖက်နှင့်အရပ်ဖက် တရားစီရင်ရေး နှစ်ခုစလုံးကို တာဝန်ခံရသည်။ အရပ်သားအုပ်ချုပ်ကွပ်ကဲမှုအောက်တွင် တခုတည်းသော တပ်မတော် ဖွဲ့စည်းနိုင်ရေးအတွက်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည်။

ချင်းပြည် (Chinland) ကောင်စီက မူဝါဒများ ချမှတ်ပေးသည်။ (ပုံ-၁ တွင်ရှုပါ) ချင်းပြည် (Chinland) ကောင်စီကို အစုအဖွဲ့ (၃) ခုဖြစ်ကြသော ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခြင်းခံရပြီး စစ်အာဏာရှင် တော်လှန်ရေးတွင် ပူးပေါင်းပါဝင်လျက်ရှိသော ချင်းလွှတ်တော်အစုအဖွဲ့၊ ချင်းအမျိုးသားတပ်ဦး (CNF) အစုအဖွဲ့နှင့် မြို့နယ်နှင့်ဒေသ အစုအဖွဲ့တို့ဖြင့် စုပေါင်း၍ ဖွဲ့စည်းတည်ဆောက်ထားသည်။ ချင်းပြည် (Chinland) ကောင်စီသည် ချင်းပြည် (Chinland) တည်ဆောက်ရေးနှင့် ချင်းအမျိုးသားတည်ဆောက်ရေးအတွက် မဟာဗျူဟာနှင့် မူဝါဒများ ချမှတ်ခြင်း အပါအဝင် ချင်းပြည် (Chinland) လွှတ်တော်၊ ချင်းပြည် (Chinland) အစိုးရအဖွဲ့နှင့် ချင်းပြည် (Chinland) တရားလွှတ်တော်ချုပ်တို့ကို ဦးဆောင်လမ်းညွှန်ပေးရသည်။ သို့ရာတွင် ဥပဒေပြုရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်တို့ကို

ထိန်းချုပ်ခွင့်မရှိပါ။ ချင်းပြည် (Chinland) တရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်အပေါ် ဝင်ရောက်စွက်ဖက်ခြင်း၊ ဆုံးဖြတ်ချက်များကို ပြင်ဆင်ပြောင်းလဲခြင်းများ လုပ်ပိုင်ခွင့်မရှိပါ။ ချင်းပြည် (Chinland) ကောင်စီရှိ အစုအဖွဲ့အသီးသီး၏ ကိုယ်စားပြုမှုနှင့် စုပေါင်းဦးဆောင်မှုကို အလေးထားပြီး ဆုံးဖြတ်ချက်ချမှတ်ရာတွင် လုံလောက်သောသဘောတူညီမှု (Sufficient Consensus) ဖြင့် ဆုံးဖြတ်ချက်ချမှတ်သည်။

ချင်းပြည် (Chinland) လွှတ်တော်သည် တည်ဆဲဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း အပါအဝင် တော်လှန်ရေးကာလအတွက် လိုအပ်သော ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းပေးသည်။ ဝန်ကြီးချုပ်က ဦးဆောင်ပြီး ဝန်ကြီးများဖြင့် ဖွဲ့စည်းထားသော ချင်းပြည် (Chinland) အစိုးရအဖွဲ့သည် မူဝါဒများကို အကောင်အထည်ဖော်ခြင်းနှင့် ချင်းပြည် (Chinland) အဆင့်၊ မြို့နယ်နှင့်ဒေသများ၊ မြို့များနှင့် ကျေးရွာများအထိ အုပ်ချုပ်ရေးယန္တရားများ ဖော်ဆောင် လည်ပတ်လျက်ရှိသည်။ ချင်းပြည် (Chinland) တရားလွှတ်တော်ချုပ်သည် မြို့နယ်နှင့်ဒေသ တရားရုံးများနှင့် ချိတ်ဆက်ပြီး ဥပဒေနှင့်အညီ တရားစီရင်ရေးကို ဖော်ဆောင်ကျင့်သုံးလျက်ရှိသည်။

ပုံ-၁။ ချင်းပြည် (Chinland) ကောင်စီ ဖွဲ့စည်းပုံနှင့် စုဖွဲ့မှု




ပုံ- ၂။ ချင်းပြည် (Chinland) ကောင်စီရှိ မြို့နယ်နှင့် ဒေသန္တရအစိုးရများ

**TOWNSHIP AND REGION MEMBERS OF THE CHINLAND COUNCIL**

1. CDF - KKG (Kalay-Kabaw-Gangaw)
2. Hakha Central Council
3. Hualngoram Peoples Organization
4. Kanpetlet Council
5. Lautu People Affairs Council
6. Maraland Council
7. Matupi Township Council
8. Mindat Council
9. Ngawnland Peoples Council
10. Paletwa Council
11. Senthang Central Council
12. Siyin Regional Council
13. Tedim Township Council
14. Thado Council
15. Thantlang Peng Council
16. Tonzang Township Council
17. Zanniatland People Organization
18. Zopheiram Council
19. Zotung Regional Council

ဒေသန္တရအစိုးရများကို မြို့နယ်နှင့်ဒေသ (၁၉) ခုတွင် ဖွဲ့စည်းထူထောင်ထားသည်။ ဒေသန္တရအစိုးရများကို ယခင်အစိုးရအဆက်ဆက်က လစ်လျူရှုခဲ့သော ချင်းပြည် (Chinland) အတွင်း နှစ်ပေါင်းရာချီ တည်ရှိနေသည့် မျိုးနွယ်စုနှင့် ဒေသများကို အခြေခံ၍ ဖွဲ့စည်းထူထောင်ကြသည်။ (ပုံ-၂ တွင် ရှုပါ) ဒေသန္တရအစိုးရများတွင် ကိုယ်ပိုင်ဖွဲ့စည်းပုံ အခြေခံဥပဒေ အသီးသီးရှိကြပြီး ချင်းပြည် (Chinland) ဖွဲ့စည်းပုံအခြေခံဥပဒေ နောက်ဆက်တွဲ (၂) ပါ ဒေသန္တရအစိုးရ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ကြသည်။ ၂၀၂၅ အခွန်အကောက်ဥပဒေအရ ဒေသန္တရအစိုးရ များကို ကျယ်ပြန့်သောအခွန်ဘဏ္ဍာအရင်းအမြစ်များ ကောက်ခံသုံးစွဲခွင့်ပြုထားသည်။ ယင်းသည် အောက်မှအထက်သို့ ချဉ်းကပ်သည့် (Bottom-up) အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးခြင်းဖြစ်ကာ ချင်းပြည်ကောင်စီ၏ အဓိက အောင်မြင်မှု တခုလည်း ဖြစ်သည်။

အခြားသောအောင်မြင်မှုတခုမှ စုပေါင်းအုပ်ချုပ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပြည်သူကို တာဝန်ခံခြင်း စသည့် စံတန်ဖိုးများ တဖြည်းဖြည်းပြန့်ပွားလာခြင်းဖြစ်သည်။ ယခင် ခေတ်ဆက်ဆက်တွင် လုပ်ပိုင်ခွင့်အာဏာများကို ပြည်သူနှင့် အဝေးဆုံးနေရာတွင် ထားရှိရာ ပြည်သူက အာဏာပိုင်များအပေါ် ယုံကြည်မှုမရှိသကဲ့သို့ ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒလည်းမရှိခဲ့ပေ။ စစ်အုပ်စုက လွှမ်းမိုးချယ်လှယ်ခဲ့သော အစိုးရဆက်ဆက်သည် ချင်းပြည် (Chinland)၏ အကျိုးစီးပွားအတွက် စိတ်ဝင်စားမှု နည်းပါးခဲ့သည့်အပြင် ယင်းတို့ချမှတ်ထားသော မူဝါဒများကိုလည်း ခြိမ်းခြောက်ခြင်း၊ အတင်းအကျပ်ဖိအားပေးခြင်း စသည့်နည်းလမ်းများဖြင့်သာ အကောင်အထည်ဖော်ခဲ့ကြသည်။ ဒီမိုကရေစီနည်းကျသော လူ့အဖွဲ့အစည်းကို တည်ဆောက်ရာတွင် အဖွဲ့အစည်းများ၊ ခေါင်းဆောင်များနှင့် ပြည်သူတို့သည် အားလုံး ဘုံသဘောတူ လက်ခံသည့် ဥပဒေများ၊ လုပ်ငန်းစဉ်များဖြင့် အတူတကွ စုပေါင်းတာဝန်ခံဆောင်ရွက်ကြရသည်။ ထို့ကြောင့် ချင်းပြည် (Chinland) အတွင်းရှိ မတူကွဲပြားသော ဒေသများ၊ လူ့အဖွဲ့အစည်းများ နှင့် နိုင်ငံရေးခေါင်းဆောင်များအကြား ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်တာဝန်ခံမှုများ ပိုမိုအားကောင်းခိုင်မာရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက် လျက်ရှိသည်။

ဤအစီရင်ခံစာသည် ချင်းပြည် (Chinland) အုပ်ချုပ်မှုစနစ် ဆင့်ကဲပြောင်းလဲလာပုံ၊ လက်ရှိလုပ်ငန်း ဆောင်ရွက်မှုများနှင့် ရှေ့လုပ်ငန်းစဉ်များကို ပြည်သူလူထုနှင့် နိုင်ငံတကာက သိမြင်နားလည်ရန် ရည်ရွယ်သည်။ ချင်းပြည် (Chinland)ကောင်စီနှင့် မဏ္ဍိုင်သုံးရပ်ဖြစ်ကြသော လွှတ်တော်၊ အစိုးရအဖွဲ့နှင့် တရားလွှတ်တော်ချုပ်တို့၏ တော်လှန်ရေးကာလအတွင်း ဆောင်ရွက်နေသည့် လုပ်ငန်းနှင့် တာဝန်ဝတ္တရားများကို ရှင်းလင်းတင်ပြထားသည်။ ထို့အပြင် ချင်းပြည် (Chinland) ကောင်စီ၏ မဟာဗျူဟာရှေ့လုပ်ငန်းစဉ်များ၊ ချင်းပြည် (Chinland) အုပ်ချုပ်ရေး ယန္တရား ပိုမိုကျယ်ပြန့်ထိရောက်ရေးနှင့် ချင်းအမျိုးသားတည်ဆောက်ရေး ရည်မှန်းချက်များ အပါအဝင် ဖြစ်ပေါ်လာနိုင်သည့် နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ အခြေအနေများကိုလည်း ချင့်ချိန်ထည့်သွင်းထားသည်။

နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများအနေဖြင့်လည်း ဘေးဒုက္ခခံစားနေကြရသော ပြည်သူများအတွက် လိုအပ်သည့် အကူအညီပေးရေး၊ အုပ်ချုပ်ရေးစနစ် ပိုမိုကောင်းမွန်ရေးနှင့် လုံခြုံရေး စသည့်ကဏ္ဍများတွင် မည်သို့မည်ပုံပါဝင် ဆောင်ရွက်နိုင်မည့် အခင်းအကျင်းနှင့် အနေအထားများကိုလည်း သုံးသပ်ဖော်ပြထားသည်။

ဤအစီရင်ခံစာကို အောက်ပါအတိုင်း အဆင့်ဆင့်တင်ပြထားသည်။ နိဒါန်းအပြီးတွင် ချင်းပြည် (Chinland) ဥပဒေပြုရေး၊ ချင်းပြည် (Chinland) အစိုးရ ဝန်ကြီးဌာနတခုချင်းစီ၏ တာဝန်များ၊ အောင်မြင်မှုများနှင့် စိန်ခေါ်မှုများကို ဖော်ပြထားသည်။ ထို့နောက် ချင်းပြည် (Chinland) တရားစီရင်ရေး၏ တာဝန်များ၊ အောင်မြင်မှုများနှင့် စိန်ခေါ်မှုများကို ဆက်လက်ဖော်ပြထားသည်။

မဟာဗျူဟာရှေ့လုပ်ငန်းစဉ်အခန်းတွင် နိုင်ငံရေးနှင့် လုံခြုံရေး အခြေအနေများကို သုံးသပ်တင်ပြထားပြီး အစိုးရအဖွဲ့၏ ဗျူဟာမြောက်ဦးစားပေး လုပ်ငန်းစဉ်များကို တင်ပြထားသည်။ ဤအစီရင်ခံစာ၏ နောက်ဆုံးအခန်းတွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ဖော်ပြထားသည်။ ယင်းတွင် ဒေသခံ အဖွဲ့အစည်းများ၊ စနစ်များနှင့် စွမ်းဆောင်ရည်များကို မြှင့်တင်ပြီး ယင်းဒေသခံ အဖွဲ့အစည်းများနှင့် မိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အရေးပေါ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် ဖွံ့ဖြိုးရေး အကူအညီများကို လက်တွေ့ကျကျ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ကြောင်း တင်ပြထားပါသည်။



Salai Myo Htike (ဝန်ကြီးချုပ်)

# ချင်းပြည်(Chinland)လွှတ်တော်

Email:chinlandparliament@gmail.com
Facebook page: Chinland Parliament

ချင်းပြည် (Chinland) လွှတ်တော်သည် ချင်းပြည် (Chinland) အစိုးရ၏ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည်။ ချင်းပြည် (Chinland)လွှတ်တော်၏ အဓိကတာဝန်မှာ ချင်းပြည် (Chinland) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ချင်းပြည် (Chinland)ကောင်စီက ချမှတ်ထားသော မူဝါဒများနှင့်အညီ ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းရန်ဖြစ်သည်။

ချင်းပြည် (Chinland) လွှတ်တော်သည် ချင်းပြည်တည်ဆောက်ရေးနှင့် ချင်းအမျိုးသား တည်ဆောက်ရေး အပါအဝင် တော်လှန်ရေးကာလ အုပ်ချုပ်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းနိုင်ရေးကို ဦးစားပေး ဆောင်ရွက်ခဲ့သည်။ ချင်းပြည် (Chinland) လွှတ်တော်အနေဖြင့် အောက်ဖော်ပြပါ ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့သည်။

- ချင်းပြည် (Chinland) လွှတ်တော်ဥပဒေ
- ချင်းပြည် (Chinland) တရားစီရင်ရေးဥပဒေ
- ချင်းပြည် (Chinland) အခွန်အကောက်ဥပဒေ
- ချင်းပြည် (Chinland) အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဥပဒေ
- ချင်းပြည် (Chinland) ဘဏ္ဍာငွေစီမံခန့်ခွဲရေးဥပဒေ
- ချင်းပြည် (Chinland) ဒေသန္တရအုပ်ချုပ်ရေးဥပဒေ
- ချင်းပြည် (Chinland) ပြည်သူ့ရဲတပ်ဖွဲ့ဥပဒေ
- ချင်းပြည် (Chinland) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေ
- ချင်းပြည် (Chinland) သွင်းကုန်ထုတ်ကုန်ဥပဒေ

ပြဋ္ဌာန်းလိုက်သောဥပဒေများကို လိုအပ်သလို ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ပြဋ္ဌာန်းချက်များကိုလည်း ဆောင်ရွက်ခဲ့သည်။ ဤသို့ဖြင့် ဥပဒေကိုအခြေခံသည့် အုပ်ချုပ်ရေးစနစ် ပေါ်ပေါက်လာအောင် ဆောင်ရွက်နိုင်ခဲ့သည်။

ချင်းပြည် (Chinland) လွှတ်တော်တွင် ဥပဒေကြမ်းကော်မတီကို ဖွဲ့စည်းထားပြီး ယင်းကော်မတီက ဥပဒေမူကြမ်းများကို ပြင်ဆင်ရေးဆွဲသည်။ ဥပဒေကြမ်းများကို တိုင်ပင်ညှိနှိုင်းပြီး ရေးဆွဲကြသည်။ ယင်းဥပဒေမူကြမ်းများကို ဥပဒေအဖြစ် ချင်းပြည် (Chinland) လွှတ်တော်၌ အတည်ပြုပြဋ္ဌာန်းချင်းမပြုမီ မြို့နယ်နှင့်ဒေသကိုယ်စားလှယ်များဖြင့် တိုင်ပင်ဆွေးနွေးပြီး အကြံပြုချက်များကို ရယူဆောင်ရွက်သည်။ ယင်းလုပ်ငန်းစဉ်က ချင်းပြည် (Chinland) ဥပဒေပြုရေးတွင် မြို့နယ်နှင့် ဒေသများ၏ ပူးပေါင်းပါဝင်မှုကို မြှင့်တင်ပေးပါသည်။

အချို့သော ဥပဒေများကို အချိန်ယူ၍ ပြင်ဆင်ရေးဆွဲခဲ့ရသည်။ ဥပမာအားဖြင့် - ဒေသန္တရအုပ်ချုပ်ရေးဥပဒေကို ရေးဆွဲရာတွင် ချင်းပြည် (Chinland) ရှိ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များကို ဖိတ်ခေါ်ပါဝင်စေပြီး အလုပ်ရုံဆွေးနွေးပွဲများစွာ ကျင်းပြုလုပ်ခဲ့သည်။

ဥပဒေရေးဆွဲပြဋ္ဌာန်းခြင်းသည် အစိုးရယန္တရားလည်ပတ်ခြင်း၏ ပထမအဆင့်သာဖြစ်သည်။ ဥပဒေတခု အမှန်တကယ် အသက်ဝင်ရန် ဝန်ကြီးဌာနများ၊ ဒေသန္တရအစိုးရများနှင့် ဌာနဆိုင်ရာများ၏ ထိထိရောက်ရောက်အကောင် အထည်ဖော်မှုအပေါ် မူတည်နေသည်။ ကဏ္ဍအများစုတွင် အရေးကြီးသည့် အခြေခံမှုများကို ပြဋ္ဌာန်းထားသော်လည်း ယင်းအခြေခံမှုများကို အသက်ဝင်စေမည့် အသေးစိတ်စည်းမျဥ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် လမ်းညွှန်ချက်များ ရေးဆွဲကျင့်သုံးမှု အားနည်းနေသည်ကို တွေ့ရှိရသည်။ ဝန်ကြီးဌာနများနှင့် ဒေသန္တရအစိုးရများ အနေဖြင့်လည်း စည်းမျဥ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များ စနစ်တကျ ရေးဆွဲကျင့်သုံးနိုင်ရေး



ချင်းပြည် လွှတ်တော် အစည်းအဝေး ကျင်းပနေစဥ်

အတွက် ဦးစားပေးဆောင်ရွက်ရန်နှင့် အကောင်အထည်ဖော်ဆောင်မှုအတွက် အရင်းအမြစ်များ ပိုမိုရရှိရန် လိုအပ်ပါသည်။ ချင်းပြည် (Chinland) အနှံ့တွင် ဥပဒေစိုးမိုးမှု ပိုမိုအားကောင်းရေးအတွက် ဆောင်ရွက်လျှက်ရှိရာ ဒေသဆိုင်ရာကာကွယ်ရေးတပ်ဖွဲ့များ၏ ပိုမိုပူးပေါင်းပါဝင်မှုနှင့် လက်ခံလိုက်နာမှုများ လိုအပ်ပါသည်။

ချင်းပြည် (Chinland) လွှတ်တော်၏ ဦးစားပေးရှေ့လုပ်ငန်းစဉ်အဖြစ် ချင်းပြည် (Chinland) ကာကွယ်ရေးဥပဒေ ရေးဆွဲပြဋ္ဌာန်းနိုင်ရေးကို ပြင်ဆင်ဆောင်ရွက်နေသည်။ ယင်းဥပဒေအရ ချင်းပြည် (Chinland) အတွင်းရှိ ကာကွယ်ရေးတပ်ဖွဲ့များမှ အခြေခံလိုက်နာရမည့် ဥပဒေမူဘောင်တရပ် ရှိလာမည်ဖြစ်သည်။ ဒေသဆိုင်ရာကာကွယ်ရေးတပ်ဖွဲ့များကို တော်လှန်ရေးကာလအတွင်း မတူညီသည့် နောက်ခံအမျိုးမျိုးဖြင့် ဖွဲ့စည်းတည်ဆောက်ထားကြရာ ဘုံသဘောတူလက်ခံသည့် မူဘောင်တရပ် ပြင်ဆင်ဖော်ထုတ်ရေးလုပ်ငန်းမှာ အဖွဲ့အစည်းဆိုင်ရာအရသော်လည်းကောင်း၊ နိုင်ငံရေးအရသော်လည်းကောင်း စိန်ခေါ်မှုများ ရှိပါသည်။ ချင်းအမျိုးသားတပ်မတော်၊ ဒေသဆိုင်ရာ ကာကွယ်ရေးတပ်ဖွဲ့များနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာသည်နှင့်အမျှ တိုးတက်ပြောင်းလဲမှုများကိုလည်း ပိုမိုရရှိလာနိုင်ပါမည်။

ချင်းပြည် (Chinland) လွှတ်တော်သည် ဥပဒေဆိုင်ရာ အသိပညာပြန့်ပွားရေးနှင့် ပြည်သူနှင့်တိုင်ပင်ဆွေးနွေးမှု လုပ်ငန်းများ၏အရေးပါမှုကို နားလည်လက်ခံထားသည်။ ဥပဒေများကို အမှန်တကယ် ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန် ယင်းဥပဒေများကို ဒေသန္တရအုပ်ချုပ်ရေး တာဝန်ရှိသူများနှင့် ပြည်သူတို့က ရှင်းလင်းနားလည်ရန်လိုအပ်သည်။ ထို့ကြောင့် ချင်းပြည် (Chinland) လွှတ်တော်၏ တာဝန်သည် ဥပဒေပြုရေးလုပ်ငန်း တခုတည်းသာ မဟုတ်ဘဲ ချင်းပြည် (Chinland) တစ်ဝန်းလုံးတွင် တရားဥပဒေစိုးမိုးရေးကို လေးစားလိုက်နာခြင်း၊ တာဝန်ယူမှုရှိခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အခြေပြုအုပ်ချုပ်ရေး ကျင့်သုံးခြင်း စသည့် ယဉ်ကျေးမှုများ ထွန်းကားပြန့်ပွားရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်နေပါသည်။

| ပုံ - ၃။ ချင်းပြည်(Chinland)လွှတ်တော်မှ ပြဋ္ဌာန်းသည့် ဥပဒေများ | |
|---|---|
| **ပြဋ္ဌာန်းသည့် ဥပဒေများ** | |
| 1. | ချင်းပြည်(Chinland)လွှတ်တော်ဥပဒေ |
| 2. | ချင်းပြည်(Chinland)တရားစီရင်ရေးဥပဒေ |
| 3. | ချင်းပြည်(Chinland)အခွန်အကောက်ဥပဒေ |
| 4. | ချင်းပြည်(Chinland)အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဥပဒေ |
| 5. | ချင်းပြည်(Chinland)ဘဏ္ဍာငွေစီမံခန့်ခွဲရေးဥပဒေ |
| 6. | ချင်းပြည်(Chinland)ဒေသန္တရအုပ်ချုပ်ရေးဥပဒေ |
| 7. | ချင်းပြည်(Chinland)ပြည်သူ့ရဲတပ်ဖွဲ့ဥပဒေ |
| 8. | ချင်းပြည်(Chinland)မူယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေ |
| 9. | ချင်းပြည်(Chinland)သွင်းကုန်ထုတ်ကုန်ဥပဒေ |
| **ပြင်ဆင်ဖြည့်စွက်သည့် ဥပဒေများ** | |
| 1. | ချင်းပြည်(Chinland)အခွန်အကောက်ဥပဒေ ပြင်ဆင်ချက် ၂၀၂၅ |
| 2. | ချင်းပြည်(Chinland)တရားစီရင်ရေးဥပဒေ ပြင်ဆင်ချက် |
| 3. | ချင်းပြည်(Chinland)အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဥပဒေ ပြင်ဆင်ချက် |
| 4. | ချင်းပြည်(Chinland)ဒေသန္တရအုပ်ချုပ်ရေးဥပဒေ ပြင်ဆင်ချက် |
| 5. | ျင်းပြည်(Chinland)အခွန်အကောက်ဥပဒေ ပြင်ဆင်ချက် ၂၀၂၆ |

# ချင်းပြည်(Chinland)အစိုးရအဖွဲ့

Email: chinland.gov@gmail.com
Facebook page: GOVERNMENT OF CHINLAND

ဤအခန်းတွင် ချင်းပြည် (Chinland) အစိုးရအဖွဲ့၊ ဝန်ကြီးဌာနတခုချင်းစီ၏ ဖွဲ့စည်းပုံနှင့် အဓိကလုပ်ငန်းဆောင်ရွက်မှုများကို တင်ပြသွားပါမည်။ ဝန်ကြီးဌာန တခုချင်း၏ အခန်းကဏ္ဍ၊ လုပ်ငန်းဆောင်ရွက်မှု၊ အောင်မြင်မှုနှင့် စိန်ခေါ်မှုများကို တင်ပြထားပါသည်။

## နိုင်ငံခြားရေးဝန်ကြီးဌာန



Dr. Sui Khar
ဝန်ကြီး
နိုင်ငံခြားရေးဝန်ကြီးဌာန
Email: chinlandgov_mofa@protonmail.com

နိုင်ငံခြားရေးဝန်ကြီးဌာန၏ အဓိကလုပ်ငန်းတာဝန်မှာ ချင်းပြည် (Chinland) ၏ အကျိုးစီးပွားကို အခြေခံ၍ လူသားချင်းစာနာထောက်ထားမှု အကူညီများ ဆက်သွယ်ရရှိရေး၊ နယ်နိမိတ် စီမံခန့်ခွဲရေး၊ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှု တိုက်ဖျက်ရေးစသည့် ကဏ္ဍများတွင် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်ပါသည်။

လက်ရှိတွင် ချင်းပြည် (Chinland) ကောင်စီသည် ထိုင်းနိုင်ငံ ချင်းမိုင်မြို့နှင့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်၏ မြို့တော် အိုင်ဇောလ်မြို့တို့တွင် ဆက်ဆံရေးရုံးများ ဖွင့်လှစ်ထားရှိသည်။ ယင်းဆက်ဆံရေးရုံးများက ဒေသတွင်းချိတ်ဆက်ဆောင်ရွက်ရေးနှင့် ပြည်ပရောက်ချင်းလူမျိုးများနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို အဓိကထား၍ ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတကာမျက်နှာစာတွင် ဝန်ကြီးဌာနသည် CNF နှင့် လက်တွဲ၍ အာဆီယံ (ASEAN)၊ ကမ္ဘာ့ကုလသမဂ္ဂနှင့် ၎င်း၏လက်အောက်ခံအဖွဲ့အစည်းများ၊ မြန်မာ့အရေးတွင် တက်ကြွသည့် အနောက်နိုင်ငံများအပြင် အာရှနိုင်ငံများနှင့် ချိတ်ဆက်ဆောင်ရွက်နေသည်။ ဘုံရည်မှန်းချက်ပန်းတိုင် တူညီသော မဟာမိတ်အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိသည်။



ချင်းပြည် - အိန္ဒိယ နယ်စပ် တစ်နေရာ

# ကာကွယ်ရေးဝန်ကြီးဌာန



Salai Ram Kulh Cung
ဝန်ကြီး
ကာကွယ်ရေးဝန်ကြီးဌာန
Email: ministryofdefense.goc@protonmail.com
Facebook page: Chinland Ministry of Defence

ကာကွယ်ရေးဝန်ကြီးဌာနသည် ချင်းပြည် (Chinland) အတွင်းရှိ ချင်းအမျိုးသားတပ်မတော် (CNA) နှင့် ဒေသကာကွယ်ရေး တပ်ဖွဲ့(CDFs) (၁၉) ဖွဲ့ကို ကြီးကြပ်ရန် တာဝန်ရှိသည်။ ချင်းပြည် (Chinland) ကောင်စီ၏ ဦးဆောင်အဖွဲ့က ကာကွယ်ရေးဆိုင်ရာ မူဝါဒများကို ချမှတ်ပြီး ဝန်ကြီးဌာနက အကောင်ထည်ဖော် ဆောင်ရွက်ရသည်။

ချင်းပြည် (Chinland) အစိုးရအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့သည့် အချိန်မှစ၍ ကာကွယ်ရေးဝန်ကြီးဌာနသည် CNA နှင့် CDFs များအကြား ပူးတွဲစစ်ဆင်ရေးများ ဖော်ဆောင်နိုင်ရန်အတွက် ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ မြေပြင်စစ်ဆင်ရေး လိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် ၂၀၂၅ ခုနှစ် အောက်တိုဘာလတွင် ကာကွယ်ရေးပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (Defense Coordination Team – DCT) ကို ကာကွယ်ရေးဝန်ကြီးဌာနအောက်၌ ဖွဲ့စည်းခဲ့သည်။ ကာကွယ်ရေးပေါင်းစပ် ညှိနှိုင်းရေးအဖွဲ့တွင် CNA နှင့် CDF များမှ ထိပ်ပိုင်းအရာရှိတပ်မှူးများ ပါဝင်ကြသည်။

အမိန့်ပေးစီးဆင်းမှုစနစ်တခုအောက်တွင် CNA နှင့် CDF များ စုစည်းနိုင်ရေးအတွက် ချင်းပြည် (Chinland) အစိုးရတပ်ဖွဲ့ ဖွဲ့စည်းမှုလုပ်ငန်းစဉ်ကို ဆောင်ရွက်လျက်ရှိသည်။ ယင်းသည် ယခင်က တသီးတခြားစီ ရှိနေကြသော လက်နက်ကိုင်တပ်ဖွဲ့များကို အရပ်သားအစိုးရ၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင် တစုတစည်းတည်း ထားရှိနိုင်ရေး အတွက် အရေးကြီးသည့် ကြိုးပမ်းမှုတခုဖြစ်သည်။

ဝန်ကြီးဌာနအနေဖြင့် ဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့များကို ရှေးဦးသူနာပြုသင်တန်း၊ ဆက်သွယ်ရေး၊ ထောက်လှမ်းရေး စသည့်သင်တန်းများ ပို့ချပေးသည်။ စစ်သင်တန်းအပြင် ချင်းအမျိုးသားတည်ဆောက်ရေး၊ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL) စသည့် သင်တန်းများကိုလည်း ပို့ချသင်ကြား ပေးသည်။



ချင်းပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ သင်တန်းဆင်းပွဲအခမ်းအနား

# ပြည်ထဲရေးဝန်ကြီးဌာန



Salai Ram Chum Mang
ဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန
Email: chinlandhomeaffairs@gmail.com

ပြည်ထဲရေးဝန်ကြီးဌာနသည် ချင်းပြည် (Chinland) ရဲတပ်ဖွဲ့၊ လူဝင်မှု ကြီးကြပ်ရေး၊ လူဦးရေနှင့် အကျဉ်းထောင်များကို ကြီးကြပ်ဆောင်ရွက်သည်။ ပြည်ထဲရေးဝန်ကြီးဌာနရုံးသည် ချင်းပြည် (Chinland) အစိုးရနှင့် ဒေသန္တရအစိုးရများအကြား ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရာတွင် အဓိက ကြားခံညှိနှိုင်းပေးသည့် အဖွဲ့အစည်းအဖြစ် ဆောင်ရွက်လျက်ရှိသည်။

ဝန်ကြီးဌာနသည် ဒေသန္တရအုပ်ချုပ်ရေးဥပဒေမူကြမ်းကို ဦးဆောင်ရေးဆွဲခဲ့သည်။ ယင်းဥပဒေအရ ဒေသန္တရအစိုးရများသည် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာအဆင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများကို ဖွဲ့စည်းပြီးကြီးကြပ်ကြရသည်။ အဆိုပါဒေသန္တရအစိုးရများသည် သီးခြားလုပ်ပိုင်ခွင့် အာဏာများ ပိုင်ဆိုင်ထားကြသော်လည်း ချင်းပြည် (Chinland) အစိုးရအဖွဲ့ကို တာဝန်ခံကြရပြီး အုပ်ချုပ်ရေးဆိုင်ရာ အစီရင်ခံစာများကို တင်ပြကြရသည်။

၂၀၂၅ ခုနှစ်မှစ၍ လူဦးရေဆိုင်ရာအချက်အလက် ကောက်ယူခြင်းကို စတင်ဆောင်ရွက်ခဲ့သည်။

ချင်းပြည် ပြည်သူ့ရဲတပ်ဖွဲ့ကို ချင်းပြည် (Chinland) အဆင့်နှင့် မြို့နယ်နှင့်ဒေသအဆင့်ဟူ၍ အလွှာနှစ်လွှာဖြင့် ဖွဲ့စည်းထားသည်။ ပြည်သူ့ရဲတပ်ဖွဲ့အင်အား (၂၃၇) ဦးရှိပြီး ယင်းတို့အနက် (၄၉) ဦးသည် CDM နိုင်ငံ့ဝန်ထမ်းများ ဖြစ်ကြသည်။ ရဲတပ်ဖွဲ့အနေဖြင့် ဒုစရိုက်မှုများကို ထိထိရောက်ရောက်ကာကွယ်ရေး၊ ပြည်သူကို အကာအကွယ်ပေးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ စံချိန်စံနှုန်းများနှင့်ပြည့်မီရေးအတွက် အထောက်အပံ့နှင့်စွမ်းဆောင်ရည်မြှင့်တင်မှုများ လိုအပ်နေဆဲဖြစ်သည်။ ချင်းပြည် (Chinland) ရဲတပ်ဖွဲ့ဝင်အားလုံး တူညီသည့်ယူနီဖောင်းများ အသုံးပြုဝတ်ဆင်နိုင်ရေးအတွက် အထောက်အပံ့များ ရှာဖွေလျက်ရှိသည်။ ရဲတပ်ဖွဲ့ဝင်အများစုသည် မြို့နယ်နှင့်ဒေသ လက်အောက်ခံများ ဖြစ်ကြသည်။ သို့သော်လည်း ပြည်ထဲရေးဝန်ကြီးဌာနက လစဉ်ဦးဆောင်ကျင်းပသည့် ပေါင်းစပ်ညှိနှိုင်းရေး အစည်းအဝေးများတွင် ပါဝင်တက်ရောက်ကြရသည်။



ချင်းပြည် အစိုးရအဖွဲ့နှင့် ဗိုဖေကောင်စီတွေ့ဆုံပွဲ

အကျဉ်းထောင်များကိုလည်း လက်ရှိတွင် ဒေသန္တရအစိုးရ အသီးသီးက စီမံခန့်ခွဲကြသည်။ ဝန်ကြီးဌာနက အကျဉ်းသားများအတွက် အခြေခံလုံခြုံရေးနှင့် အကျဉ်းသားများအပေါ် ပြုမူဆက်ဆံရေးဆိုင်ရာ စံနှုန်းများကို သတ်မှတ်ပေးသည်။ အကျဉ်းသားများကို အကျင့်စာရိတ္တပြုပြင်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် မူဝါဒနှင့်ကြီးကြပ်မှုများ ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေသေးသည်။




ရဲတပ်ဖွဲ့ စုံစမ်းစစ်ဆေးရေး သင်တန်း - ဆဲန်ထန်နယ်

ဝန်ကြီးဌာနအနေဖြင့် ပြင်ဆင်ရေးဆွဲထားသည့် လူဝင်ကြီးကြပ်ရေးဆိုင်ရာမူဝါကို လက်တွေ့ကျင့်သုံးအကောင်အထည်ဖော်ရေးနှင့် သမရိုးကျ စာရွက်စာတမ်းကို အခြေခံသည့်စနစ်မှ ပိုမိုခေတ်မီ ထိရောက်သည့် အချက်အလက်စုစည်းမှုစနစ်ကို တည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

# ပညာရေးဝန်ကြီးဌာန



Salai James Neih Thang
ဝန်ကြီး
ပညာရေးဝန်ကြီးဌာန
Email: moechinland@gmail.com
Facebook page: Ministry of Education, Government of Chinland

၂၀၂၄ ခုနှစ်မှစ၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် တိုက်ပွဲများဖြစ်ပွားနေသည့်အကြားတွင် ချင်းပြည် (Chinland) အနှံ့ စာသင်ကျောင်းများ ပုံမှန်ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ခဲ့သည်။ လက်ရှိတွင် ချင်းပြည် (Chinland) ရှိ ကျေးရွာစုစုပေါင်း (၆၆၁) ရွာ၌ စာသင်ကျောင်းပေါင်း (၃၇၃) ကျောင်းတွင် ကျောင်းသူကျောင်းသား (၃၅,၈၉၇) ဦးကို ဆရာ/ဆရာမ (၃,၀၉၅) ဦးဖြင့် သင်ကြားပို့ချလျက်ရှိသည်။

ဝန်ကြီးဌာနအနေဖြင့် ချင်းပြည် (Chinland) ဖက်ဒရယ်ဒီမိုကရေစီပညာရေးမူဝါဒကို ရေးဆွဲပြီး ပညာရေးလမ်းညွှန်မူဘောင်အဖြစ် ကျင့်သုံးလျက်ရှိသည်။ ပညာရေးမဟာဗျူဟာလုပ်ငန်းစဉ် (၂၀၂၅-၂၀၃၀) ကိုလည်း ရေးဆွဲထားသည်။ အခြေခံပညာရေးအဆင့် ကျောင်းသင်ရိုးညွှန်းတမ်းကိုလည်း ရေးဆွဲပြီးဖြစ်သည်။ အစိုးရကျောင်းနှင့် ပုဂ္ဂလိကကျောင်းများမှ လိုက်နာကျင့်သုံးရမည့် စည်းမျဉ်းစည်းကမ်းများ၊ ဘဏ္ဍာရေးစည်းမျဉ်းများကိုလည်း ပြဋ္ဌာန်းကျင့်သုံးနေပြီဖြစ်သည်။ ကျောင်းသူကျောင်းသားများအနေဖြင့် အဆင့်မြင့်ပညာရပ်များကို အိမ်နီးချင်းနိုင်ငံများတွင် ဆက်လက်သင်ကြားနိုင်ရေးအတွက် သက်ဆိုင်ရာအာဏာပိုင်များ၊ တက္ကသိုလ်များနှင့် ညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိသည်။

ချင်းပြည် (Chinland) ရှိ စာသင်ကျောင်းများ လည်ပတ်နိုင်ရခြင်း၏ အဓိကမောင်းနှင်အားမှာ သက်ဆိုင်ရာ ဒေသအလိုက်ရှိပြည်သူများ ဖြစ်ကြသည်။ ရပ်ရွာအခြေပြု ပြည်သူတရပ်လုံးက စုပေါင်းထည့်ဝင်သည့် ဘဏ္ဍာငွေများဖြင့် ဆရာ/ဆရာမလစာနှင့် အခြေခံအဆောက်အဦး လိုအပ်ချက်များကို အဓိက ဖြည့်ဆည်းပေးနေသည်။ ဝန်ကြီးဌာနအနေဖြင့် ရပ်ရွာအခြေပြု ပြည်သူတို့၏ ကြိုးပမ်းအားထုတ်မှုများကို လေးစားအသိအမှတ်ပြုကြောင်း ဖော်ပြလိုသည်။ ဝန်ကြီးဌာနမှ ပညာရေးအတွက် ဘဏ္ဍာငွေများ ပိုမိုသုံးစွဲနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။




နှစ်နှစ်ကျော်ကာလတွင်း ဆရာဖြစ်သင်တန်းပေါင်း (၂၆) ကြိမ်ကျော် ကျင်းပပြုလုပ်နိုင်ခဲ့သည်။ သို့ရာတွင် ဝန်ကြီးဌာနအနေဖြင့် ဆရာ/ဆရာမများကို လုပ်ခလစာ ထောက်ပံ့နိုင်ခြင်း မရှိခဲ့ပါ။ မြို့နယ်နှင့် ဒေသအလိုက်၊ ကျေးရွာအလိုက် ဆရာ/ဆရာများကို ထောက်ပံ့ကူညီလျက်ရှိကြသည်။ ဆရာ/ဆရာမများကို လုပ်ခလစာ အပြည့်အဝထောက်ပံ့နိုင်ရေးသည် ဝန်ကြီးဌာနအတွက် အကြီးမားဆုံးသော စိန်ခေါ်မှုတရပ်လည်း ဖြစ်ပါသည်။

တက္ကသိုလ်အကြိုသင်တန်းကျောင်းများကို မြို့နယ်နှင့်ဒေသ (၅) ခုတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ချင်းအမျိုးသားတက္ကသိုလ် (Chin National University – CNU) ကိုလည်း ဌာန (၃) ခုဖြစ်သော ပညာရေးဌာန၊ ဥပဒေဌာန၊ နည်းပညာနှင့်



အထက်တန်း ကျောင်းသူကျောင်းသားများ

အသက်မွေးဝမ်းကျောင်းမှုဌာနများဖြင့် ဖွဲ့စည်းထူထောင်ထားပြီး ကျောင်းသူ/ကျောင်းသားပေါင်း (၄၀၀) ကျော် ပညာသင်ကြားလျက်ရှိကြသည်။

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းသည့် အချိန်မှစ၍ ကျောင်းအဆောက်အဦးပေါင်း (၅၅) ခု ဖျက်ဆီးခံခဲ့ရသည်။ ယင်းအခြေအနေတွင် စာသင်ခန်းများကို ကွင်းပြင်များ၊ အများပြည်သူ အသုံးပြုသည့် အဆောက်အဦးနေရာများနှင့် ပုဂ္ဂလိက နေအိမ်များတွင် ဖွင့်လှစ်သင်ကြားနေရသည်။ ဝန်ကြီးဌာနတွင်လည်းစာသင်ကျောင်းများ ပြန်လည်တည်ဆောက်ရေးအတွက် လုံလောက်သော ဘဏ္ဍာငွေမရှိသည့်အတွက် ရပ်ရွာအရင်းအမြစ်များကိုသာ မှီခိုအားထားနေရပါသည်။

ပူးပေါင်းဆောင်ရွက်ရေးစနစ်အတွက် အဓိက အကျဆုံးဖြစ်သော မြို့နယ်နှင့်ဒေသပညာရေးရုံးများမှာလည်း ဘဏ္ဍာငွေထောက်ပံ့ကူညီမှု မရရှိသေးဘဲ ခက်ခက်ခဲခဲ ရုန်းကန်လည်ပတ်နေကြရသည်။ ယင်းကလည်း ဝန်ကြီးဌာနမှ စာသင်ကျောင်းများကို စောင့်ကြည့်ခြင်း၊ ကျောင်းသူကျောင်းသားများ၏ အခြေအနေများကို ခြေရာခံလိုက်ခြင်းနှင့် တွေ့ကြုံရသည့် အခက်အခဲအများကို တုန့်ပြန်ဆောင်ရွက်ရေးအတွက် အကန့်အသတ်များစွာ ဖြစ်ပေါ်စေပါသည်။

ဝန်ကြီးဌာနအနေဖြင့် အောက်ဖော်ပြပါ အကြောင်းအရာများကို ဦးစားပေးလုပ်ငန်းစဉ်အဖြစ် သတ်မှတ်ထားရှိသည်။

- အဆင့်မြင့်ပညာရေးဆိုင်ရာမူဝါဒကို ရေးဆွဲအကောင်အထည်ဖော်ရန်
- နိုင်ငံတကာပညာရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်းမှု တည်ဆောက်ရန်
- ကျောင်းဆရာ/ဆရာမများ အရည်အသွေးမြှင့်တင်ရန်
- ကျောင်းစီမံအုပ်ချုပ်ရေးစနစ်များ ပိုမိုကောင်းမွန်ရန်
- ပညာသင့်ဆုများကို တိုးချဲ့ရန်

ပြည်တွင်းပြည်ပရှိ ချင်းလူမျိုးများ၊ အလှူရှင်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ချင်းပြည် (Chinland) ပညာရေးအတွက် ဘက်ပေါင်းစုံမှ ပါဝင်ပံ့ပိုးကူညီကြရန် အထူးတိုက်တွန်းလိုပါသည်။





မူလတန်း ကျောင်းသူကျောင်းသားများ

မူလတန်းကျောင်း စာသင်ခန်းအတွင်း သင်ယူလေ့လာမှု



Chin National University Graduation Ceremony

# ကျန်းမာရေးဝန်ကြီးဌာန



Dr. Sharon Par
ဝန်ကြီး
ကျန်းမာရေးဝန်ကြီးဌာန
Email: admin@chinlandmohs.org
Facebook page: Ministry of Health, Government of Chinland

ကျန်းမာရေးဝန်ကြီးဌာနသည် ချင်းပြည်(Chinland)အတွင်း ပဋိပက္ခများ၊ နိုင်ငံရေးမတည်ငြိမ်မှုများနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီဆိုင်ရာ စိန်ခေါ်မှုများစွာ ရှိနေသည့်ကာလအတွင်းတွင် ကျန်းမာရေးစနစ်ကို ပြည်လည်တည်ဆောက်ရေးအတွက် တာဝန်ယူရသည်။ ကျန်းမာရေးဝန်ကြီးဌာနသည် ကျန်းမာရေးကဏ္ဍအပြင် အားကစား၊ အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ဆိုင်ရာ ကဏ္ဍရပ်များကို ကြီးကြပ်ဆောင်ရွက်ရသည်။ ဝန်ကြီးဌာန၏ မျှော်မှန်းချက်မှာ ပြည်သူကိုအခြေပြုရေး၊ ဒေသ လိုအပ်ချက်ကို ဦးစားပေးရေးနှင့် ရေရှည်တည်တံ့ရေး စသည့်မူများဖြင့် ကျန်းမာရေးစနစ်တည်ဆောက်ရန်ဖြစ်သည်။ ဝန်ကြီးဌာန၏ လုပ်ငန်းစီမံချက်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ် (World Health Organization – WHO) က ချမှတ်ထားသည့် ကျန်းမာရေးစနစ်အခြေခံအုတ်မြစ် (၆) ခုကို အခြေခံပြီး အောက်ဖော်ပြပါ ကဏ္ဍများဖြင့်ဖော်ဆောင်လျက်ရှိသည်။

- ခေါင်းဆောင်မှုနှင့် စီမံအုပ်ချုပ်ခြင်း (Leadership and governance)
- ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် (Human resources for health)
- ဝန်ဆောင်မှုပေးခြင်း (Service delivery)
- ဆေးနှင့် ဆေးဘက်ဆိုင်ရာ ပစ္စည်းများဖြန့်ဝေခြင်း (Medicines and medical supplies)
- ကျန်းမာရေးသတင်းအချက်အလက်စနစ်များ (Health information systems)
- ကျန်းမာရေးဘဏ္ဍာငွေစနစ် (Financing)
- ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း (Coordination)

ဝန်ကြီးဌာအနေဖြင့် ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်အတွင်းတွင် အခက်အခဲများစွာထဲမှ သိသာထင်ရှားသည့် တိုးတက်အောင်မြင်မှုများ ရရှိနိုင်ခဲ့သည်။ ကနဦးအောင်မြင်မှုတခုမှာ ချင်းပြည်(Chinland)တဝန်းလုံးကို လွှမ်းခြုံသည့် ကျန်းမာရေးဆိုင်ရာ အရင်းအမြစ်နှင့်ဆိုင်သည့် အချက်အလက်များကို ပြုစုခြင်းဖြစ်သည်။ ရလဒ်အနေဖြင့် ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့ (၁၈) ဖွဲ့ရှိ ကျေးရွာပေါင်း (၈၂၉) ရွာတွင် ခန့်မှန်းလူဦးရေ (၃၀၀,၀၀၀) ဦး၊ ကျန်းမာရေးအဆောက်အဦးပေါင်း (၃၀၀) ကျော်နှင့် ဆရာဝန်နှင့် သူနာပြုများ အပါအဝင် ကျန်းမာရေးဝန်ထမ်း (၂၅၀) ခန့်ရှိကြောင်း အချက်အလက်များပြုစုနိုင်ခဲ့သည်။ ယင်းအချက်အလက်ကို အခြေခံပြီး မဟာဗျူဟာချမှတ်ခြင်းနှင့် ကျန်းမာရေးစနစ်ဖွံ့ဖြိုးရေးအတွက် စီမံကိန်း ရေးဆွဲချမှတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ချင်းပြည် (Chinland) ကျန်းမာရေးအလုပ်ရုံဆွေးနွေးပွဲကို နှစ်ကြိမ် ကျင်းပခဲ့သည်။ ယင်းအလုပ်ရုံဆွေးနွေးပွဲများတွင် ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း (NGOs) များ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်း (CBOs) များ၊ CDM နိုင်ငံ့ဝန်ထမ်းများ၊ မိတ်ဖက်ကျန်းမာရေး အဖွဲ့အစည်းများ ပါဝင်တက်ရောက်ခဲ့ကြပြီး ကျန်းမာရေးစနစ်တွင် ရင်ဆိုင်ကြုံတွေ့ရသည့် အဓိကအကျဆုံး စိန်ခေါ်မှုများကို ဖော်ထုတ်ခြင်းနှင့် ဦးစားပေး လုပ်ငန်းများကို သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။ အကြီးမားဆုံးစိန်ခေါ်မှုများမှာ ကျန်းမာရေးမူဝါဒ မရှိခြင်း၊ အုပ်ချုပ်ရေးစနစ် မခိုင်မာခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ရှားပါးခြင်း၊ အခြေခံဆေးဝါးများ မလုံလောက်ခြင်းနှင့် ကျန်းမာရေးသတင်းအချက်အလက်စနစ် အားနည်းခြင်း စသည်တို့ဖြစ်ပြီး ထိုစိန်ခေါ်မှု



သူနာပြုသင်တန်း ကျောင်းသူများ၏ လက်တွေ့ လေ့ကျင့်ခန်း



ဆရာမှ သူနာပြုကျောင်းသားကျောင်းသူများကို သင်ကြားနေစဉ်

များကို ဖြေရှင်းရန်အတွက် အရေးကြီးသည့် လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ချင်းပြည်(Chinland) ကျန်းမာရေးမူဝါဒကို ရေးဆွဲပြီး ကျန်းမာရေးနှင့် ပတ်သက်သည့် အုပ်ချုပ်မှုစနစ်ကောင်းမွန်စေရန် ကျန်းမာရေးဖွဲ့စည်းပုံကိုလဲ ရေးဆွဲနိုင်ခဲ့သည်။

ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် အရေးပါသည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့သည်။ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းဖွင့်လှစ်ခြင်း၊ ဆေးတက္ကသိုလ်ဖွင့်လှစ်ခြင်း၊ ကျန်းမာရေးဝန်ထမ်းများ ရွေးချယ်ခန့်ထားခြင်းနှင့် ဆေးဘက်ဆိုင်ရာ ပညာများဖြစ်သည့် ခွဲတ်မှန်ကျွမ်းကျင်သင်တန်း၊ ဓါတ်ခွဲကျွမ်းကျင်သင်တန်းနှင့် ရပ်ရွာအဆင့် ကျန်းမာရေးဝန်ထမ်းများအတွက် သင်တန်းများကို ပြုလုပ်ပြီးစီးခဲ့သည်။ အဆင့်မြင့်ပညာရေး အခွင့်အလမ်းအတွက် ပညာသင်ကြားလိုသည့် ကျောင်းသူ ကျောင်းသားများအတွက် ပညာသင်ဆုများ ထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။ ရပ်ရွာအခြေပြု ကျန်းမာရေးဝန်ထမ်းများနှင့် အရံသားဖွားများအတွက် သက်မွေးဝမ်းကျောင်းနှင့်ဆိုင်သည့် တက်လမ်းများ ဖန်တီးပေးနိုင်ရန် စတင်ဆောင်ရွက်နေပြီဖြစ်သည်။

ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီနိုင်ရန် ချင်းပြည်(Chinland)တဝန်းလုံးရှိ ပြည်သူ့ကျန်းမာရေးဌာနများနှင့် ဆေးရုံများမှတဆင့် ပဏာမကျန်းမာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများ ရရှိနိုင်စေရန် တိုးချဲ့ဆောင်ရွက်ခဲ့သည်။ ရံပုံငွေနှင့် လူ့စွမ်းအားအရင်းအမြစ်ပေါ်မူတည်၍ ဒေသန္တရအစိုးရများနှင့် ပူးပေါင်းပြီး ပြည်သူ့ကျန်းမာရေးဌာနပေါင်း (၅၀) ကျော် ဖွင့်လှစ်နိုင်ရန် နေရာများ ရွေးချယ်သတ်မှတ်ထားပြီး ယခုအခါ ပြည်သူ့ကျန်းမာရေးဌာနပေါင်း (၃၀)နှင့် ဆေးရုံ (၁၁) ရုံနှင့် အထူးကုဆေးရုံ (၁) ရုံ ဖွင့်လှစ်နိုင်ခဲ့သည်။

ထို့အပြင် ကျောင်းကျန်းမာရေးလုပ်ငန်းများကိုလည်း ကျောင်းပေါင်း (၅၄) ကျောင်းတွင် ဆောင်ရွက်နိုင်ခဲ့သည်။ ရောဂါဖြစ်ပွားမှုတုန့်ပြန်ရေး အစီအစဉ်များကိုလည်း မိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ခြေတုလက်တုတပ်ဆင်ရေး ဝန်ဆောင်မှုကိုလည်း စတင်နိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် လူနာ (၃၈) ဦးသာ တပ်ဆင်ပေးနိုင်ခဲ့သော်လည်း ၂၀၂၅ ခုနှစ်တွင် (၁၁၁) ဦးအား တပ်ဆင်ပေးနိုင်ခဲ့သည်။

ဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးအချက်အလက်စနစ်နှင့် အချက်အလက်စီမံခန့်ခွဲရေးကိုလည်း ဦးစားပေးဆောင်ရွက်ခဲ့သည်။ အဓိကကျသည့် ဖွား/သေစာရင်း ကောက်ယူမှုစနစ်ကို ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များထံ မိတ်ဆက်ပေးပြီး အချက်အလက်ကောက်ယူမှုများကို ဆောင်ရွက်ခဲ့သည်။ ကျန်းမာရေးအညွှန်းကိန်းများတွက်ချက်ပြီး သတင်းအချက်အလက်အပေါ် အခြေခံသည့် စီမံကိန်းနှင့် ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်နိုင်ရန်အတွက် လူဦးရေအချက်အလက်နှင့် ဝန်ဆောင်မှုအချက်အလက်များ ကောက်ယူခြင်းကိုလည်း စတင်ကောက်ခံ နေပြီဖြစ်သည်။

အခြားအောင်မြင်မှုတခုမှာ မိတ်ဖက်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှု မြင့်တင်ခြင်းဖြစ်သည်။ ဝန်ကြီးဌာနသည် ဒေသန္တရအဖွဲ့အစည်းများ၊ နိုင်ငံတကာ NGO များ၊ ပြည်ပရောက် အဖွဲ့အစည်းများနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ် (WHO)၊ Chin Human Rights Organization၊ Chin Health Organization၊ Burma Relief Centre၊ Chin Baptist Churches – USA၊ Thantlang Placement Affairs Committee စသည့်အဖွဲ့အစည်းများ အပါအဝင် နိုင်ငံတကာရှိ မိတ်ဖက်အဖွဲ့အစည်းများစွာဖြင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့သည်။ ယင်းမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများမှ ဆေးပစ္စည်းဝယ်ယူခြင်း၊ အခြေခံအဆောက်အဦးများ တည်ဆောက်ခြင်း၊ သူနာပြုကျောင်း၏ သင်ကြားရေးဆိုင်ရာ လိုအပ်ချက်ကို ထောက်ပံ့ခြင်း၊ ခြေတုလက်တုတပ်ဆင်ခြင်း၊ မဟာဗျူဟာမြောက် အလုပ်ရုံဆွေးနွေးပွဲများနှင့် နည်းပညာဆိုင်ရာ အထောက်အကူပြုလုပ်ငန်းများစွာကို ဆောင်ရွက်နိုင်ခဲ့သည်။ ထို့အပြင် ပြည်တွင်းသာမက နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်မှုများတွင်လည်း ပါဝင်ခဲ့ရာ ကနေဒါနိုင်ငံသို့ သွားရောက်ပြီး ကျန်းမာရေးစနစ်လေ့လာခြင်းနှင့် မူဝါဒဆိုင်ရာ ဆွေးနွေးခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့သည်။

၂၀၂၅ ခုနှစ်တွင် ဝန်ကြီးဌာနသည် အမျိုးသမီးအခွင့်အရေးဆိုင်ရာမူဝါဒကို ရေးဆွဲခဲ့ပြီး ၂၀၂၆ ခုနှစ်တွင် ဖြန့်ဝေနိုင်ခဲ့သည်။ လာမည့်ကာလတွင် ယင်းမူဝါဒကို အသိပညာပေးခြင်းနှင့် အကောင်အထည်ဖော်နိုင်ရေးကိုလည်း ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်သည်။

၂၀၂၆-၂၀၂၇ အတွက် ဝန်ကြီးဌာန၏ မဏ္ဍိုင် (၇) ခုနှင့်အညီ မဟာဗျူဟာရှေ့လုပ်ငန်းစဉ်များ ချမှတ်ထားပါသည်။ ကျန်းမာရေးအုပ်ချုပ်မှုနှင့် ခေါင်းဆောင်မှုမြှင့်တင်ရေး၊ ကျန်းမာရေးမူဝါဒဆိုင်ရာ မူဘောင်များရေးဆွဲရေး၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ခြင်းနှင့် အရည်အသွေးမြှင့်တင်ရေး၊ ဆေးဝါးရရှိမှု တိုးမြှင့်ရေး၊ ကျန်းမာရေး

ဝန်ဆောင်မှု စံချိန်စံနှုန်းများ သတ်မှတ်ရေး၊ အခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်မှုနှင့် အရင်းအမြစ် မျှဝေသုံးစွဲမှု မိုမိုကောင်းရေးနှင့် ရေရှည်တည်တံ့သည့် ကျန်းမာရေးစနစ်ဖြစ်စေရန်အတွက် ဒေသန္တရအုပ်ချုပ်ရေး အခြေခိုင်စေရန် အားပေးမြှင့်တင်ရေးတို့ကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်သည်။ အောက်ခြေမှအထက်သို့ တက်သည့် ပြည်သူ့ကျန်းမာရေးစနစ် ဖြစ်ထွန်းရေးအတွက် ကျန်းမာရေးဝန်ထမ်းများနှင့် ဒေသန္တရအစိုးရများ၏ အရည်အသွေးမြင့်မားစေရန်နှင့် ကတိကဝတ်များကို ပိုမိုအားကောင်းခိုင်မာရေးအတွက် အသိပညာပေးပေးခြင်း၊ သင်တန်းပြုလုပ်ခြင်းများနှင့် ချိတ်ဆက်ခြင်းလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်သည်။ ချင်းပြည်(Chinland)အစိုးရမှ မူဝါဒနှင့် ချိတ်ဆက်ဆောင်ရွက်မှုများကို ဦးဆောင်ပြီး ဒေသန္တရအစိုးရများမှ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကို ဦးတည်ကာ ဆောင်ရွက်လျက်သွားမည်ဖြစ်သည်။

ဝန်ကြီးဌာန၏ ဆောင်ရွက်နေဆဲလုပ်ငန်းများဖြစ်သည့် ကျန်းမာရေးသတင်းအချက်အလက်စနစ် အားကောင်းခိုင်မာရေး၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ခြင်းနှင့် အရည်အသွေးမြှင့်တင်ခြင်းအတွက် သူနာပြုကျောင်းနှင့် ဆေးတက္ကသိုလ် ဆက်လက်ဖွင့်လှစ်ဆောင်ရွက်ခြင်းနှင့် ကျန်းမာရေးပညာပေး အစီအစဉ်များ ဆက်လက်ဆောင်ရွက်ရေး၊ ပြည်သူ့ကျန်းမာရေးဌာနများ တိုးချဲ့နိုင်ရေးနှင့် ကျန်းမာရေးဝန်ဆောင်မှု အရည်အသွေးကောင်းမွန်စေရန် စံသတ်မှတ်ချက်များ ချမှတ်ဆောင်ရွက်နိုင်ရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့အပြင် ပညာသင်ဆုများ ထောက်ပံ့ခြင်း၊ စိတ်ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများ မြှင့်တင်ရေး အပါအဝင် အစားအစာနှင့် ဆေးဝါးများ စီမံခန့်ခွဲရေးဆိုင်ရာ လမ်းညွှန်မှုများ ရေးဆွဲရေးတို့ကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ကျန်းမာရေးဆိုင်ရာ ဦးဆောင်မှုအခန်းကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရန် ဒေသခံများက ဦးဆောင်သည့် ထိရောက်သော ကျန်းမာရေးစနစ် ဖော်ဆောင်ရန်အတွက် အုပ်ချုပ်မှု၊ ချိတ်ဆက်ဆောင်ရွက်မှုနှင့် တာဝန်ယူတာဝန်ခံမှုဆိုင်ရာ ယန္တရားများ အားကောင်းခိုင်မာရန် ဆောင်ရွက်သွားမည်ဖြစ်သည်။ ဤသို့ဆောင်ရွက်နိုင်ရေးအတွက် ဒေသန္တရအစိုးရများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း အပါအဝင် ကျန်းမာရေးဝန်ဆောင်မှုပေးနေသည့် NGO များ၊ CSO များနှင့် စနစ်တကျ ချိတ်ဆက်ဆောင်ရွက်မှုများ ပြုလုပ်ရန်လိုအပ်ပါသည်။ ၎င်းအပြင် အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာဆက်ဆံရေးကိုလည်း တိုးမြှင့်သွားမည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဝန်ဆောင်မှုများ တိုးချဲ့ရန်အတွက် လိုအပ်သည့် ဘဏ္ဍာငွေအရင်းအမြစ်ရှားပါးမှု၊ နိုင်ငံရေး မတည်ငြိမ်မှု အပါအဝင် လေကြောင်းတိုက်ခိုက်ခံရမှုများနှင့် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများက ကျန်းမာရေးပစ္စည်းကိရိယာများ၊ သင်တန်းကျောင်းများနှင့် ကျန်းမာရေးဝန်ဆောင်မှုများအပေါ် ထိခိုက်မှုများစွာရှိခြင်းစသည့် အခက်အခဲနှင့် စိန်ခေါ်မှုများစွာကိုလည်း ကြုံတွေ့ရသည်။ သဘာဝဘေးဒဏ်နှင့် လမ်းပမ်းဆက်သွယ်ရေးခက်ခဲမှုကလည်း သွားလာရခက်ခဲသော ဒေသများကို ကျန်းမာရေးစောင့်ရှောက်မှုပေးရန် အခက်အခဲများ ဖြစ်ပေါ်စေသည်။

အနှစ်ချုပ်အားဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် အောက်မှအထက်သို့ ချဉ်းကပ်မှုဖြင့် ဒေသခံများ၏ ပါဝင်ပိုင်ဆိုင်မှု၊ ဒေသလိုအပ်ချက်ကို အခြေခံသည့် စီမံကိန်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အခြေခံပြီး ချင်းပြည်(Chinland)၏ ကျန်းမာရေးစနစ်ကို ပြန်လည်တည်ဆောက်လျက်ရှိသည်။ ကျန်းမာရေးဝန်ကြီးဌာနသည် မိတ်ဖက်များ၏ ပံ့ပိုးကူညီမှုဖြင့် ချင်းပြည်သူများအတွက် ထိရောက်ပြီး ရေရှည်တည်တံ့သော ကျန်းမာရေးစနစ်ကို ဖော်ဆောင်သွားမည် ဖြစ်ပါသည်။



သူနာပြုကျောင်းသူများမှ သင်ခန်းစာများကို
လက်တွေ့ လေ့ကျင့်နေစဉ်




ချင်းပြည် ဂျော်ဒန် ဆေးကျောင်းဖွင့်ပွဲ နှင့် ပထမအသုတ် သင်တန်းဖွင့်ပွဲ အခမ်းအနား

# လူမှုဖွံ့ဖြိုးရေးဝန်ကြီးဌာန



Salai Za Thawng
ဝန်ကြီး
လူမှုဖွံ့ဖြိုးရေးဝန်ကြီးဌာန
Email: chinlandgovmoc@gmail.com
Facebook page: Ministry Of Social Development, Government Of Chinland

လူမှုဖွံ့ဖြိုးရေးဝန်ကြီးဌာနကို ယခင် (၂၀၂၄-၂၀၂၅) အစိုးရသက်တမ်းက ဝန်ကြီးဌာန (၄) ခုဖြစ်ခဲ့သော လူသားချင်းစာနာထောက်ထားရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနတို့ကို ပေါင်းစပ်ပြီး ၂၀၂၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။

## လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးလုပ်ငန်း

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းသည့်အချိန်မှစ၍ ချင်းပြည် (Chinland) တွင် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်သူ စုစုပေါင်း (၁၈၀,၀၀၀) ဝန်းကျင်ရှိသည်။ ဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းနေရပ်စွန့်ခွာရသူ (IDPs) (၄၀,၀၀၀) ကျော်အတွက် တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့သည်။ IDPs များ နေရာချထားရေးကို ဝန်ကြီးဌာနနှင့် ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့အစည်းများ ပူးတွဲ၍ စီမံဆောင်ရွက်လျက်ရှိသည်။

ချင်းပြည် (Chinland) အစိုးရ ပထမသက်တမ်းအတွင်း (၂၀၂၄-၂၀၂၅) တွင် ဝန်ကြီးဌာနအနေဖြင့် အောက်ဖော်ပြပါ ကဏ္ဍ (၆) ခုတွင် ကူညီဆောင်ရွက်ပေးခဲ့သည်။

- လေကြောင်းတိုက်ခိုက်မှုများကြောင့် ပျက်ဆီးဆုံးရှုံးမှုများကို အရေးပေါ်ကူညီထောက်ပံ့ရေး
- IDPs ကူညီထောက်ပံ့ရေး
- မုန်တိုင်းကြောင့် ပျက်ဆီးဆုံးရှုံးမှုများကို ကူညီထောက်ပံ့ရေး
- ရေကြီးရေလျှံမှုကြောင်း ပျက်ဆီးဆုံးရှုံးမှုများကို ကူညီထောက်ပံ့ရေး
- မြေငလျင်ဒဏ်ကြောင်း ပျက်ဆီးဆုံးရှုံးမှုများကို ကူညီထောက်ပံ့ရေး
- မီးဘေးကြောင့် ပျက်ဆီးဆုံးရှုံးမှုများကို ကူညီထောက်ပံ့ရေး

နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများမှ ကူညီထောက်ပံ့ပေးသည့် ဆန်အိတ်ပေါင်း (၃,၀၀၀) ကို IDPs မိသားစုများထံ ဖြန့်ဝေနိုင်ခဲ့သည်။ ကူညီထောက်ပံ့မှုအများစုကို နေရပ်သို့မပြန်နိုင်သေးသည့် ယာယီစစ်ဘေးရှောင်များသို့ အဓိကပံ့ပိုးခဲ့သည်။ IDPs စခန်းများအတွင်း နေထိုင်သူများနှင့် မိဇိုရမ်ပြည်နယ်ဖက်သို့ ထွက်ပြေးတိမ်းရှောင်နေရသည့် ဒုက္ခသည်များ၏ အခြေအနေနှင့် အခက်အခဲများကိုလည်း စာရင်းပြုစုခဲ့သည်။

ဝန်ကြီးဌာနအနေဖြင့် IDPs များအကြား ဝန်ဆောင်မှုရရှိမှုကွာဟချက်များကိုလည်း ကောင်းစွာနားလည်သဘောပေါက်ပါသည်။ နည်းစနစ်ကျသော လူမှုအကာအကွယ်ပေးရေးအစီအစဉ်များ အပါအဝင် အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများအတွက် အရင်းအမြစ်များစွာ လိုအပ်နေဆဲဖြစ်သည်။ ချင်းပြည် (Chinland) အတွင်း မြေမြှုပ်မိုင်းကြောင့် ထိခိုက်ဒါဏ်ရာရသူနှင့် အသက်ဆုံးရှုံးရသူ ပြည်သူအများအပြားရှိနေပြီး မြေမြှုပ်မိုင်းနှင့် ပတ်သက်သည့် မှုဝါဒချမှတ်အကောင်အထည်ဖော်ရန်လည်း အရေးတကြီးလိုအပ်နေပါသည်။ နိုင်ငံတကာရှိ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးသည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ညှိနှိုင်းပြီး လူမှုစီးပွားဆိုင်ရာ အခြေခံအချက်အလက်များ စနစ်တကျပြုစုရန်လည်းလိုအပ်နေသည်။ ဖျက်ဆီးခံရသည့် ဘာသာရေးအဆောက်အဦးများ၊ စာသင်ကျောင်းများနှင့် ဆေးရုံများကိုလည်း စနစ်တကျ စစ်တမ်းကောက်ယူပြီး ပြန်လည်ပြင်ဆင်ခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်းများပြုလုပ်ရန် လိုအပ်နေပါသည်။



စစ်ရှောင်စခန်း တစ်နေရာ

အထက်ဖော်ပြပါအခြေအနေများက ပဋိပက္ခများအကြား ရှားပါးသည့် အရင်းမြစ်များဖြင့် လည်ပတ်နေရသည့် တော်လှန်ရေးအစိုးရတခု၏ အခက်အခဲနှင့် စိန်ခေါ်မှုများကို ထင်ဟပ်နေပါသည်။ ဝန်ကြီးဌာနသည်



**ချင်းပြည် - အိန္ဒိယ နယ်စပ်ရှိ စစ်ရှောင်စခန်း**

ချင်းပြည် (Chinland) ရှိ IDPs နှင့် ဒုက္ခသည်များအတွက် ကူညီထောက်ပံ့မှုများ ပိုမိုရရှိနိုင်ရေးအတွက် နိုင်ငံတကာနှင့် ဒေသတွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) များနှင့် ချိတ်ဆက်ဆောင်ရွက်ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လမ်းညွှန်မှုများ စနစ်တကျ ချမှတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေသည်။

လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဌာနအနေဖြင့် မြန်ဆန်ထိရောက်သည့်ဝန်ဆောင်မှုများ ပေးနိုင်ရေးအတွက် လိုအပ်သည့်အခြေခံယန္တရားများကို ဦးစားပေးတည်ဆောက်သွားပါမည်။ လူသားချင်းစာနာထောက်ထားမှုအကူညီပေးရေး လမ်းညွှန်မှု ရေးဆွဲရေး၊ မြေမြှုပ်မိုင်းဆိုင်ရာမူဝါဒကို ရေးဆွဲပြဋ္ဌာန်းရေး၊ လူမှုစီးပွားဆိုင်ရာ အခြေခံအချက်အလက်များ ကောက်ယူရေးနှင့် ချင်းပြည် (Chinland) တဝန်းလုံးတွင် အချက်အလက်များကောက်ယူရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများ ချဲ့ထွင်နိုင်ရေးတို့ကိုလည်း ဆောင်ရွက်သွားမည်ဖြစ်သည်။ တချိန်တည်းတွင် အရပ်သားပြည်သူများအပေါ် အကြမ်းဖက်စစ်အုပ်စု၏ အကြမ်းဖက်မှုများကြောင့် နောက်ဆက်တွဲ ဆိုးကျိုးသက်ရောက်မှုများကို စနစ်တကျမှတ်တမ်းတင်ခြင်း၊ စောင့်ကြည့်ခြင်းနှင့် ပြန်လည်တုန့်ပြန်ခြင်း လုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်သည်။ ဤသို့ဖြင့်အချက်အလက်အပေါ် အခြေခံသည့် ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ အရပ်သားပြည်သူများကို အကာအကွယ်ပေးမှု မြှင့်တင်ခြင်းနှင့် ဘေးဒုက္ခကြုံတွေ့နေရသော ပြည်သူများ၏ လိုအပ်ချက်များကို အစိုးရမှ ပိုမိုဖြည့်ဆည်းပေးနိုင်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။

## လမ်းတံတားနှင့် သယ်ယူပို့ဆောင်ရေး

ဝန်ကြီးဌာနအနေဖြင့်လမ်းတံတားနှင့် သယ်ယူပို့ဆောင်ရေးကို ဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်ခဲ့သည်။ ချင်းပြည် (Chinland) ၏ တောင်တန်းထူထပ်သည့် ပထဝီအနေအထားနှင့် လမ်းပမ်းဆက်သွယ်ရေး အခက်ခဲမှုကြောင့် ပြည်သူအနေအဖြင့် ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမှီရန်နှင့် ပညာသင်ကြားရန်အတွက် ပိုမိုခက်ခဲစေပါသည်။ ထို့အပြင် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေရသူ ပြည်သူများအတွက် လိုအပ်သည့် အကူအညီများပေးပို့ရာတွင်လည်း များစွာအခက်အခဲ ဖြစ်စေသည်။ ဝန်ကြီးဌာနသည် သယ်ယူပို့ဆောင်ရေးအတွက် အခြေခံကုန်သွယ်ရေးလမ်းမကြီးများ၊ အသုံးများသည့်လမ်းများနှင့် အရေးပေါ် ဆက်သွယ်သွားလာရေးလမ်းများဟူ၍ ဦးစားပေးကဏ္ဍ သုံးရပ် ချမှတ်ပြီး ဆောင်ရွက်နေသည်။



၂၀၂၄ မှ ၂၀၂၆ ခုနှစ် အတွင်းတွင် ဆောက်လုပ်ရေးဌာနအနေဖြင့် လမ်းမကြီး (၉) ခု၊ အကွာအဝေးမိုင် စုစုပေါင်း (၉၆၀) မိုင်ကို ပြုပြင်ထိန်းသိမ်းခြင်း ဆောင်ရွက်ခဲ့သည်။

- လမ်းမ (၁) - ၂၆၀ မိုင်
- လမ်းမ (၂) - ၇၀ မိုင်
- လမ်းမ (၃) - ၉၀ မိုင်
- လမ်းမ (၄) - ၄၀ မိုင်
- လမ်းမ (၅) - ၄၀ မိုင်
- လမ်းမ (၆) - ၁၈၀ မိုင်
- လမ်းမ (၇) - ၁၇၅ မိုင်
- လမ်းမ (၈) - ၅၀ မိုင်
- လမ်းမ (၉) - ၁၆ မိုင်

(၃၉ မိုင်) ရှည်လျားသည့် လမ်းသစ်တခုကိုလည်း ဖောက်လုပ်နိုင်ခဲ့သည်။



ချင်းပြည် လမ်းပြုပြင်ထိန်းသိမ်းမှု

တံတားများ ပြုပြင်ထိန်းသိမ်းမှုကိုလည်း ဆောင်ရွက်ခဲ့သည်။ တံတားနှစ်စင်းကို အသစ်တည်ဆောက်ခဲ့ပြီး တံတားအသစ်တစင်းကို တည်ဆောက်နေဆဲ ဖြစ်ပါသည်။



လူမှုဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ တည်ဆောက်ထားသည့် ဗိုသုန်နှင့် မတူပီ ဆက်သွယ်ထားသော တံတား

## လျှပ်စစ်နှင့်စွမ်းအင်

လျှပ်စစ်နှင့်စွမ်းအင်ဌာနအနေဖြင့်လိုအပ်သည့် ကျွမ်းကျင်ဝန်ထမ်းများကို တာဝန်ပေးခန့်အပ်ထားနိုင်ပြီသည်။ သို့သော်လည်း ဘဏ္ဍာငွေအခက်အခဲကြောင့် လုပ်ငန်းများ စတင်ဆောင်ရွက်ရန် ကြန့်ကြာနေပါသည်။

## စိုက်ပျိုးရေးနှင့် မွေးမြူရေး

စိုက်ပျိုးရေးနှင့် မွေးမြူရေး ဌာနသည်လည်း လည်ပတ်နိုင်ခြင်း မရှိသေးသည့်ဌာန ဖြစ်နေသေးသည်။ မူဝါဒနှင့် လုပ်ငန်းစဉ်များ ရေးဆွဲချမှတ်ရန် လိုအပ်နေဆဲဖြစ်ပါသည်။



လူမှုဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ သစ်ပင်စိုက်ပျိုးရေးအစီအစဥ်အတွက် ဖြန့်ဝေပေးသော ကျွန်းပင်များ

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန



Pu Maung Oo
ဝန်ကြီး
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကို ဝန်ကြီးဌာန၏ ဌာနသုံးခုဖြစ်ကြသော စီမံကိန်းရေးဆွဲရေးဌာန၊ ဘဏ္ဍာရေးဌာနနှင့် အခွန်ဌာနတို့ဖြင့် အကောင်ထည်ဖော် ဆောင်ရွက်နေပါသည်။ အခွန်အခနှင့် အလှူထည့်ဝင်မှုများမှ ရရှိသည့် ဘဏ္ဍာငွေများကို ဘဏ္ဍာရေးကော်မရှင်မှတဆင့် စီမံခန့်ခွဲပါသည်။ ဘဏ္ဍာရေးကော်မရှင်က ရသုံးမှန်းခြေငွေစာရင်းကို ချင်းပြည် (Chinland) ကောင်စီအစည်းဝေးတွင် အစီရင်ခံတင်ပြရသည်။ အသုံးစရိတ်အားလုံးကို အတည်ပြုထားသည့် ဘတ်ဂျတ်အတိုင်း ချင်းပြည် (Chinland) လွှတ်တော်က ပြဋ္ဌာန်းထားသည့် ဘဏ္ဍာငွေစီမံခန့်ခွဲမှုဥပဒေနှင့်အညီ စီမံခန့်ခွဲသည်။

ချင်းပြည် (Chinland) အခွန်အကောက်ဥပဒေ (၂၀၂၆) အရ ချင်းပြည် (Chinland) အစိုးရနှင့် ဒေသန္တရအစိုးရတို့အကြား အခွန်ကောက်ခြင်း၊ ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲရေး၊ အခွန်ဘဏ္ဍာမျှဝေသုံးစွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာကြီးကြပ်ခြင်းတို့အတွက် မူဘောင်တရပ်ကို တည်ဆောက်ထားသည်။ အကောင်အထည်ဖော်ဆောင်မှု လုပ်ငန်းများမှာ ကနဦးအဆင့်တွင်သာ ရှိနေသေးသော်လည်း ရေရှည်တွင် ပွင့်လင်းမြင်သာမှုရှိပြီး ဥပဒေနှင့်အညီ စီမံဆောင်ရွက်သည့် ပြည်သူ့ဘဏ္ဍာရေးစနစ် ဖြစ်ထွန်းရေးအတွက် အခြေခံအုတ်မြစ် ချမှတ်ပေးထားပါသည်။

ချင်းပြည် (Chinland) အခွန်အကောက်ဥပဒေအရ ချင်းပြည် (Chinland) အဆင့်နှင့် ဒေသန္တရအဆင့် အစိုးရတို့အကြား အခွန်ကောက်ယူခြင်းကို ခွဲဝေထားသည်။ ချင်းပြည် (Chinland) အစိုးရက ပို့ကုန်သွင်းကုန်ခွန်နှင့် ဝင်ငွေခွန်တို့ကို ကောက်ခံခွင့်ရှိပြီး ဒေသန္တရအစိုးရများကို ပိုင်ဆိုင်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ လောင်စာခွန်၊ ကုန်ထုတ်လုပ်မှုအခွန်၊ ယာဉ်ခွန်နှင့် အခြားဒေသန္တရအတွင်း ကောက်ယူပိုင်ခွင့် အခွန်အခများကို ကောက်ယူပိုင်ခွင့်ပေးထားသည်။ ဒေသန္တရမှ ကောက်ခံရရှိသည့် ဘဏ္ဍာငွေများကို ဒေသန္တရအစိုးရများနှင့် ချင်းပြည် (Chinland) အစိုးရတို့ကို မျှဝေပေးသည်။ ချင်းပြည် (Chinland) အစိုးရမှ ကောက်ခံရရှိသည့် ဘဏ္ဍာငွေ အများစုကို ဒေသန္တရအစိုးရများသို့ ပြန်လည်မျှဝေပေးသည်။ ဤသို့ဖြင့် တဖက်တွင် ဒေသန္တရအုပ်ချုပ်ရေး အားကောင်းရေးအတွက် ရည်ရွယ်ပြီး အခြားတဖက်တွင်လည်း ချင်းပြည် (Chinland) အဆင့် အုပ်ချုပ်ရေး၊ ဝန်ဆောင်မှုပေးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် လိုအပ်သည့် အရင်းအမြစ်များ ရရှိရန် ရည်ရွယ်ထားသည်။

ချင်းပြည် (Chinland) အစိုးရ၏ အခွန်စနစ်သည် ဝင်ငွေအရင်းအမြစ်တခုတည်းကို မမှီခိုဘဲ ကျယ်ပြန့်သောကဏ္ဍများမှ ဘဏ္ဍာငွေများ စီးဝင်နိုင်ရန် ရည်ရွယ်ထားသည်။ တဖက်တွင်လည်း စစ်ဘေးရှောင်များ၊ စစ်ဘေးဒဏ်ကြောင့် ဒုက္ခရောက်နေသည့် မိသားစုများ၊ မသန်စွမ်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးသည့် အဖွဲ့စည်းများနှင့် ကာကွယ်ရေးနှင့် ဆက်စပ်သည့် အချို့သောလုပ်ငန်းများကို အခွန်ကင်းလွတ်ခွင့်



ချင်းပြည် အခွန်ကောက်ခံရေး ဂိတ်

ပြုထားသည်။ ဤသို့ဖြင့် ဘဏ္ဍာငွေ ရရှိရေးကို ထိလွယ်ရှလွယ် ပြည်သူများကို အကာအကွယ်ပေးခြင်း၊ အကူအညီပေးခြင်းတို့နှင့် ဘက်မျှအောင် ဆောင်ရွက်ထားပါသည်။

လက်ရှိကြုံတွေ့နေရသည့် စိန်ခေါ်မှုတခုမှာ ပြည်သူက အခွန်ပေးဆောင်ရသည့် ယဉ်ကျေးမှု မထွန်းကားခြင်းဖြစ်သည်။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှု မတိုင်မီ ကာလကတည်းက ချင်းပြည် (Chinland) သည် အဆင်းရဲဆုံးပြည်နယ်တခုဖြစ်ခဲ့ပြီး ပြင်ပအထောက်အပံ့အပေါ် အဓိက မှီခိုခဲ့ရသည်။ အခွန်ဘဏ္ဍာငွေအရင်းအမြစ်သည် ပြည်သူ၏လူနေမှုဘဝနှင့် အစိုးရဘဏ္ဍာတို့အပေါ် သက်ရောက်မှု အနည်းငယ်သာရှိသည်။ ချင်းပြည် (Chinland) အစိုးရအနေဖြင့် အခွန်ပေးဆောင်နိုင်သူများက အခွန်ပေးဆောင်သည့် ယဉ်ကျေးမှုထွန်းကားရန် တိုက်တွန်းကြိုးပမ်းလျက်ရှိသည်။ ရေရှည်ပြည်သူ့ဝန်ဆောင်မှု ပေးနိုင်ရေးနှင့် ထိရောက်သည့်အုပ်ချုပ်ရေး ဖော်ဆောင်ရေးအတွက် အခွန်ဆောင်ပြည်သူများ၏အခန်းကဏ္ဍသည် လွန်စွာအရေးပါသည်။ တချိန်တည်းတွင် ထိလွယ်ရှလွယ်သည့် ပြည်သူများကို အခွန်ကင်းလွတ်ခွင့်ပေးခြင်းနှင့် အကာအကွယ်ပေးခြင်း တို့ကိုလည်း ဆောင်ရွက်နေသည်။ ဤသို့ဖြင့် ရေရှည်တွင် ချင်းပြည် (Chinland) တည်ဆောက်ရေးနှင့် ဘဏ္ဍာငွေ တည်တံ့ခိုင်မာရေးတို့ကို သဟဇာတရှိရှိ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာလမှ မေလ ၂၀၂၆ ခုနှစ်တွင်းတွင် ချင်းပြည် (Chinland) အစိုးရ အသုံးစရိတ်စုစုပေါင်း၏ သုံးပုံတပုံကို ဒေသန္တရအစိုးရများကို ထောက်ပံ့ခြင်းနှင့် အခြေခံအစိုးရယန္တရားများ လည်ပတ်ရေးအတွက် အသုံးပြုခဲ့သည်။ ဒေသန္တရအစိုးရများသို့ ထောက်ပံ့ခြင်းကို အခွန်နှင့်အခမှ ရရှိသည့် ဘဏ္ဍာငွေထဲမှ အသုံးပြုပါသည်။ နိုင်ငံတကာရောက် ချင်းလူမျိုးများက လှူဒါန်းသည့် ရန်ပုံငွေများကို သီးခြားခွဲပြီး ကာကွယ်ရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍတို့အတွက် ဦးစားပေးအဆင့် သတ်မှတ်၍ အသုံးပြုခဲ့သည်။

စာရင်းစစ်ချုပ်ရုံးအနေဖြင့် ဥပဒေနှင့်အညီ အသုံးစရိတ်များကို စာရင်းစစ်ခြင်း ပုံမှန်ဆောင်ရွက်ခဲ့သည်။ စာရင်းစစ်အစီရင်ခံစာကို ပုံမှန်ကျင်းပသည့် ချင်းပြည် (Chinland) ကောင်စီ အစည်းအဝေးတွင် တင်ပြသည်။ အခွန်အကောက်ဥပဒေအရ ချင်းပြည် (Chinland) အစိုးရနှင့် ဒေသန္တရအစိုးရများအနေဖြင့် ဘဏ္ဍာငွေရရှိမှုနှင့် အသုံးစရိတ် အစီရင်ခံစာများကို ပုံမှန်အစီရင်ခံတင်ပြရသည်။ လိုအပ်ချက်များရှိနေလင့်ကစား တည်ဆောက်ထားသည့် ဥပဒေနှင့် ယန္တရားများကြောင့် ပွင့်လင်းမြင်သာပြီး တာဝန်ခံမှုရှိသည့် ပြည်သူ့ဘဏ္ဍာရေးကို စနစ်တကျ စတင်ကျင့်သုံးနိုင်ပြီဖြစ်သည်။

၂၀၂၆ ခုနှစ် မေလမှစ၍ ဘဏ္ဍာရေးဆိုင်ရာကြီးကြပ်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ချင်းပြည် (Chinland) ငွေစာရင်းပူးပေါင်းအဖွဲ့ (Public Accounts Team) ကို ချင်းပြည် (Chinland) ကောင်စီက ဖွဲ့စည်းခဲ့သည်။ ယင်းအဖွဲ့က ချင်းပြည် (Chinland) ကောင်စီနှင့် မဏ္ဍိုင်(၃)ရပ်၏ အသုံးစရိတ်များအပေါ် စာရင်းစစ်ချုပ်ရုံး၏ (၆) လ တကြိမ် စာရင်းစစ်အစီရင်ခံစာကို ပြန်လည်သုံးသပ်ခြင်း ပြုလုပ်သည်။ ထို့အပြင် ချင်းပြည် (Chinland) ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲမှု ဥပဒေနှင့် အတည်ပြုထားသည့် ဘတ်ဂျက်တို့နှင့်အညီ အသုံးပြုမှုရှိမရှိကို စစ်ဆေးမှုပြုလုပ်ပြီး တွေ့ရှိချက်များကို မှတ်တမ်းတင်သည်။ ထို့နောက် တွေ့ရှိချက်များနှင့် အကြံပြုချက်များကို ချင်းပြည် (Chinland) ကောင်စီသို့ တင်ပြသည်။

ဝန်ကြီးဌာနအနေဖြင့် အစိုးရ၏ ဘဏ္ဍာငွေလိုအပ်ချက်ကို အဓိကဖြည့်ဆည်းပေးနိုင်မည့် တရားဝင် ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်နိုင်ရေးအတွက် စီမံကိန်းချ၍ ဆောင်ရွက်လျက်ရှိသည်။ နယ်စပ်ကုန်သွယ်ရေးများမှ အစိုးရ၏ ဝင်ငွေတိုးပွားပြီး ဒေသန္တရစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေကာ ရေရှည်ခိုင်မြဲသည့် အစိုးရယန္တရားတည်ဆောက်ရေးတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။ အခြေခံအဆောက်အဦးများအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် အုပ်ချုပ်ရေးစွမ်းရည်တိုးတက်ရေး လုပ်ငန်းများကို ပိုမိုဆောင်ရွက်ရန်လည်း လိုအပ်လျက်ရှိပါသည်။

# ချင်းပြည်(Chinland)တရားစီရင်ရေး

Email: supremecourtofchinland@gmail.com

ချင်းပြည် (Chinland) ၏ တရားစီရင်ရေးမဏ္ဍိုင်ကို ချင်းပြည် (Chinland) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ချင်းပြည် (Chinland) တရားစီရင်ရေးဥပဒေ (၂၀၂၄) တို့အရ ဖွဲ့စည်းတည်ထောင်ထားသည်။ ချင်းပြည် (Chinland) တရားလွှတ်တော်ချုပ်သည် အမြင့်ဆုံးတရားရုံးဖြစ်သည်။ မြို့နယ်နှင့်ဒေသများတွင် လိုအပ်ချက်ကို အခြေခံ၍ မြို့နယ်နှင့်ဒေသအဆင့် တရားရုံးများကို ဖွဲ့စည်းတည်ထောင်ပိုင်ခွင့် ရှိကြသည်။ လက်ရှိတွင် မြို့နယ်နှင့်ဒေသ အများစု၌ တရားရုံးများကို ဖွဲ့စည်းထူထောင်ထားရှိကြပြီး အချို့သော မြို့နယ်နှင့်ဒေသများတွင် ဖွဲ့စည်းနိုင်ခြင်း မရှိကြပါ။ ချင်းအမျိုးသားတပ်ဦး (CNF) ၏ ဗဟိုတရားရုံးသည်လည်း ချင်းပြည် (Chinland) တရားစီရင်ရေး၏ အစိတ်အပိုင်းတခုဖြစ်ကာ ချင်းလုံမြို့ စည်ပင်သာယာနယ်နိမိတ်အတွင်း အရပ်သားများအတွက် တရားစီရင်ရေးကို ဆောင်ရွက်သည်။

ချင်းပြည် (Chinland) တရားလွှတ်တော်ချုပ်ကို တရားသူကြီး (၃) ဦးမှ (၅) ဦးအထိ ပါဝင်၍ ဖွဲ့စည်းခွင့်ပြုထားသည်။ လက်ရှိတွင် တရားသူကြီးချုပ် (၁) ဦးနှင့် တရားသူကြီး (၂) ဦး၊ စုစုပေါင်း (၃) ဦးဖြင့် ဖွဲ့စည်းထားသည်။ တရားလွှတ်တော်ချုပ်သည် ချင်းပြည် (Chinland) ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဥပဒေသက်ရောက်မှုအနက်အဓိပ္ပါယ်ကို ဖွင့်ဆိုပိုင်ခွင့်ရှိသည်။ ပြစ်မှုဆိုင်ရာနှင့် တရားမမှုဆိုင်ရာ ပြစ်မှုအားလုံးအတွက် အယူခံတင်သွင်းရာ အမြင့်ဆုံးတရားရုံးဖြစ်ပြီး ချင်းပြည် (Chinland) တရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

လက်ရှိချင်းပြည်တွင် မြို့နယ်နှင့်ဒေသ တရားရုံးစုစုပေါင်း (၂၅) ခုရှိပြီး ယင်းတို့အနက် (၂၃) ခုသည် လည်ပတ်နေသည်။ မြို့နယ်နှင့်ဒေသ တရားသူကြီး စုစုပေါင်း (၃၂) ဦး တာဝန်ထမ်းဆောင်နေကြကာ အမျိုးသမီး တရားသူကြီး (၄) ဦး ရှိသည်။ တရားသူကြီးများတွင် အချို့သည် ဥပဒေဘွဲ့ရများဖြစ်ကြပြီး အချို့မှာ ဥပဒေဘာသာရပ်ကို သင်ယူနေခဲ့ပြီး စစ်အုပ်စု၏ အာဏာသိမ်းမှုကြောင့် ကျောင်းပြီးမြောက်အောင် မတက်ရောက်နိုင်ခဲ့သူများဖြစ်ကြသည်။ အချို့မှာ ဥပဒေဘာသာရပ်ဆိုင်ရာ ကျောင်းပညာရေးနောက်ခံမရှိသော်လည်း မိမိ၏ဝါသနာ၊ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုကြောင့်သော်လည်းကောင်း၊ လူ့စွမ်းအားအရင်းအမြစ် ရှားပါးမှုကြောင့်သော်လည်းကောင်း တရားသူကြီးများအဖြစ် တာဝန်ထမ်းဆောင်နေကြသည်။

ချင်းပြည် (Chinland) တရားစီရင်ရေးသည် ပြဋ္ဌာန်းဥပဒေနှင့် ဓလေ့ထုံးတမ်းဥပဒေနှစ်မျိုးစလုံးကို ကျင့်သုံးသည်။ တရားမမှုဆိုင်ရာအမှုများတွင် ဓလေ့ထုံးတမ်းဥပဒေကို အဓိကကျင့်သုံးလျက်ရှိသည်။ ချင်းပြည် (Chinland) တရားစီရင်ရေးဥပဒေ ပုဒ်မ (၃၆) အရ ပြစ်မှုဆိုင်ရာအမှုများတွင် ဓလေ့ထုံးတမ်းဥပဒေ အသုံးပြုခြင်းကို အသိမှတ်ပြုထားသော်လည်း ပြဋ္ဌာန်းဥပဒေကို ကျော်လွန်ပိုင်ခွင့်မရှိကြောင်း ပြဋ္ဌာန်းထားသည်။

ချင်းပြည် (Chinland) တရားလွှတ်တော်ချုပ် စတင်ဖွဲ့စည်းသည့်အချိန်မှစ၍ တရားမမှုနှင့် ပြစ်မှုဆိုင်ရာ အမှု (၁၈) ခုကို ကြားနာခဲ့သည်။ အမှု (၁၁) ခုကို စီရင်ချက်ချခဲ့ပြီး (၇) မှုကို စုံစမ်းစစ်ဆေးဆဲဖြစ်သည်။ တရားမအမှု အများစုမှာ မြေယာကိစ္စ၊ နယ်မြေနယ်နိမိတ်အငြင်းပွားမှု၊ ဘုရားကျောင်းတခုနှင့်တခုအကြား အငြင်းပွားမှုတို့ ဖြစ်ကြပြီး ပြစ်မှုဆိုင်ရာအမှုများတွင် ထိခိုက်နာကျင်စေမှုနှင့် နယ်စပ်ဖြတ်ကျော်မှုတို့ ပါဝင်ကြသည်။ ခြုံငုံကြည့်လျှင် တရားလွှတ်တော်ချုပ်ထံသို့ အယူခံတင်သွင်းလာသည့် အမှုစုစုပေါင်း၏ (၆၁) ရာခိုင်နှုန်းသည် တရားမမှုများ ဖြစ်ကြပြီး ကျန် (၃၉) ရာခိုင်နှုန်းမှာ ပြစ်မှုဆိုင်ရာအမှုတို့ ဖြစ်ကြသည်။

၂၀၂၄ နှင့် ၂၀၂၅ နှစ်နှစ်အတွင်း မြို့နယ်နှင့်ဒေသ တရားရုံးများက စစ်ဆေးစီရင်သည့် အမှုစုစုပေါင်း (၆၄၄) မှု ရှိခဲ့သည်။ ယင်းတို့အနက် (၃၆၆) မှုမှာ တရားမမှုများဖြစ်ကာ ပြစ်မှုဆိုင်ရာအမှု (၂၇၈) မှု ဖြစ်သည်။

၂၀၂၄ ခုနှစ်မှစ၍ ချင်းပြည် (Chinland) အတွင်း တရားစီရင်ရေးစနစ် ဖွဲ့စည်းလည်ပတ်နိုင်ရေးအတွက် စတင်ကြိုးပမ်းခဲ့သည်။ အရေးကြီးသည့် မှတ်ကျောက်တခုမှာ တရားစီရင်ရေးဆိုင်ရာဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းဥပဒေအရ အဆင့်ဆင့်သော တရားရုံးအားလုံး လုပ်ငန်းဆောင်ရွက်လည်ပတ်ခြင်းအတွက် မူဘောင်တရပ်ကို ဖန်တီးချမှတ်နိုင်ခဲ့သည်။ ထို့အပြင် တရားစီရင်ရေးစနစ် တသမတ်တည်းဖြစ်စေရန် တရားစီရင်ရေးစနစ်နှင့် ပတ်သက်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များကို ရှင်းလင်းခြင်း အပါအဝင် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲချမှတ်နိုင်ခဲ့သည်။

၂၀၂၅ ခုနှစ်တွင် ပထမအကြိမ် တရားစီရင်ရေးဆိုင်ရာ ညီလာခံကို ကျင်းပနိုင်ခဲ့သည်။ ညီလာခံသို့ တရားလွှတ်တော်ချုပ်၊ တရားသူကြီးများအပါအဝင် မြို့နယ်နှင့်ဒေသတရားသူကြီးများ ပါဝင်ရောက်ခဲ့ကြပြီး ရလဒ်အနေဖြင့် တရားစီရင်ရေးမဏ္ဍိုင်များအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာအားကောင်းလာခဲ့သည်။ ထို့အပြင် ဥပဒေရေးရာ

လုပ်ထုံးလုပ်နည်းများကို ဆွေးနွေးဖလှယ်ခြင်းနှင့် လုပ်ငန်းတာဝန်များ ပေါင်းစပ်ညှိနှိုင်းခြင်းတို့ကို ပြုလုပ်ခဲ့ကြပြီး တရားစီရင်ရေးဆိုင်ရာ ဘုံစံနှုန်းများကို သဘောတူချမှတ်နိုင်ခဲ့ကြသည်။

ချင်းပြည် (Chinland) တရားစီရင်ရေးသည်လည်း တော်လှန်ရေးကာလ ပဋိပက္ခများကြားထဲတွင် တည်ဆောက်လည်ပတ်နေရသည်ဖြစ်၍ စွမ်းဆောင်ရည်နှင့် လုပ်ငန်းလည်ပတ်မှုတွင် စိန်ခေါ်မှုများ ကြုံတွေ့ရပါသည်။ တရားလွှတ်တော်ချုပ်နှင့် မြို့နယ်နှင့်ဒေသတရားရုံးများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာအားကောင်းရန် လိုအပ်နေပြီး တရားသူကြီးများနှင့် တရားရေးတာဝန်ရှိသူများ၏ စွမ်းရည်မြှင့်တင်ရေးကိုလည်း ပုံမှန်ဆောင်ရွက်ရန် လိုအပ်သည်။ တရားရုံးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို နားလည်မှုအားနည်းသည့် တရားသူကြီးအချို့လည်းရှိရာ လုပ်ထုံးလုပ်နည်းများ ပိုမို၍ တသမတ်တည်းဖြစ်အောင် ဆောင်ရွက်ရန် လိုအပ်နေသည်။ လက်ရှိအချိန်တွင် အကျဉ်းထောင်များသည် ဒေသန္တရအစိုးများ၏ စီမံအုပ်ချုပ်မှုအောက်တွင် ရှိကြသည်။ ချင်းပြည် (Chinland)အဆင့် စုစည်းထားသည့် အကျဉ်းထောင်စနစ်ဖွဲ့စည်းထားရှိနိုင်ခြင်း မရှိသေးပါ။ ထို့အပြင် သံသယတရားခံများကို ထိန်းသိမ်းရန် ဒေသအတွင်းရှိ သင့်လျော်ရာ ယာယီအဆောက်အဦးများကို အသုံးပြုနေရသည်။ အကျဉ်းထောင်နှင့်ထိန်းသိမ်းဆောင်ဆိုင်ရာစံနှုန်းများကို သတ်မှတ်ပြီး အကောင်အထည်ဖော်ရန်လည်း အရေးတကြီး လိုအပ်နေသည်။

စစ်ခုံရုံးများ၏ လုပ်ပိုင်ခွင့်များအပေါ် တိကျရှင်းလင်းစွာ ဆောင်ရွက်ရန်လိုအပ်နေသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ချင်းပြည် (Chinland) အတွင်းရှိ ကာကွယ်ရေးတပ်ဖွဲ့ဝင်များအနေဖြင့် စစ်ဖက်ဆိုင်ရာ ကျင့်ဝတ်၊ စည်းကမ်းများနှင့် ဥပဒေများကို ချိုးဖောက်လျှင် သက်ဆိုင်ရာကာကွယ်ရေးတပ်ဖွဲ့က စစ်ခုံရုံးဖွဲ့၍ စီရင်ရမည်ဟု ပြဋ္ဌာန်းထားသည်။ သို့ရာတွင် အယူခံတင်သွင်းခြင်း၊ အမြင့်ဆုံးတရားစီရင်ပိုင်ခွင့်ရှိသည့် စစ်ခုံရုံးနှင့် ချင်းပြည် (Chinland)အဆင့် စစ်ဘက်ဆိုင်ရာ တရားစီရင်ရေးတို့ကို ဖော်ပြထားခြင်း မရှိပါ။

အနှစ်ချုပ်ရလျှင် ချင်းပြည် (Chinland) တရားလွှတ်တော်ချုပ်အနေဖြင့် ချက်ချင်းဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်နှစ်ရပ် ရှိပါသည်။ ပထမတခုမှာ အဆင့်ဆင့်သော တရားရုံးများအကြား ချိတ်ဆက်ဆောင်ရွက်မှု ပိုမိုခိုင်မာအားကောင်းရေးဖြစ်ပြီး ဒုတိယတခုမှာ တရားသူကြီးများနှင့် တရားရေးဝန်ထမ်းများအတွက် စွမ်းရည်မြှင့်သင်တန်းများ ပြုလုပ်ရန်ဖြစ်ပါသည်။



# မဟာဗျူဟာရှေ့လုပ်ငန်းစဉ်

ချင်းပြည် (Chinland) ကောင်စီ၏ ရေရှည်မျှော်မှန်းချက်သည် ဒီမိုကရေစီအရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများကို အာမခံချက်ရှိသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုအတွင်း၌ လုံခြုံငြိမ်းချမ်းပြီး သာယာဝပြောသည့် ချင်းပြည် (Chinland) ကို တည်ဆောက်ရန်ဖြစ်သည်။ အဆိုပါ မျှော်မှန်းချက်ကို ရောက်ရှိရန်အတွက် ရည်မှန်းချက် (၃) ခုကို ဟန်ချက်ညီညီဖြင့် ဆောင်ရွက်ရန်လိုအပ်သည်။ ပထမအချက်မှာ ပဋိပက္ခကာလအတွင်းတွင် ချင်းပြည်သူများကို အကာအကွယ်ပေးရေးနှင့် ချင်းပြည်သူများ၏ လုံခြုံရေးနှင့် လူမှုဘဝအဆင်ပြေရေးအတွက် ကူညီဆောင်ရွက်ရေးဖြစ်သည်။ ဒုတိယအနေဖြင့် ဘုံရည်မှန်းချက်တူညီသော တော်လှန်ရေးအင်အားစုများနှင့် လက်တွဲဆောင်ရွက်ပြီး စစ်အာဏာရှင်စနစ်အမြစ်ပြတ်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုစနစ်သို့ အသွင်ပြောင်းရေးဖြစ်သည်။ တတိယအချက်မှာ ချင်းပြည် (Chinland) တွင် အုပ်ချုပ်ရေးစနစ်အသစ် ဖော်ဆောင်ရန်အတွက် လိုအပ်သော နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် ဥပဒေဆိုင်ရာ အခြေခံအုတ်မြစ်များ ချမှတ်ရန်ဖြစ်သည်။

ချင်းပြည် (Chinland) ကောင်စီအနေဖြင့် ဖော်ပြပါ ရည်မှန်းချက်များကို အခက်အခဲနှင့်စိန်ခေါ်မှုများစွာထဲမှ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သည်။ အကြမ်းဖက်စစ်အုပ်စုသည် အရင်းအမြစ်များစွာ ပိုင်ဆိုင်ထားပြီး လေကြောင်း၊ ဒရုန်းနှင့် လက်နက်ကြီးများ အသုံးပြု၍ ပြည်သူများအပေါ် ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်မှုများ ဆက်တိုက်ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်မှစ၍ အကြမ်းဖက်စစ်အုပ်စုသည် စစ်ဆင်ရေးများကို ပိုမိုတိုးမြှင့်လာခဲ့ပြီး အချို့နေရာများတွင် အသာစီးရလာသည်။ ယင်းအနေအထားက ချင်းပြည် (Chinland) ရှိ တော်လှန်ရေးအင်အားစုများအနေဖြင့် ခုခံစစ်ကို အဓိကဦးစားပေးလာရပြီး ထိန်းချုပ်ထားသော နယ်မြေများကို ကာကွယ်ရေးနှင့် ပြည်သူ၏ ထောက်ခံပံ့ပိုးမှုများ ပိုမိုအားကောင်းရန် လိုအပ်လာသည်။

တချိန်တည်းတွင် ချင်းပြည် (Chinland) ရှိ တော်လှန်ရေးအင်အားစုများအကြား သဘာထားကွဲလွဲမှုနှင့် အချင်းချင်းပြိုင်ဆိုင်မှုများလည်း ရင်ဆိုင်ကြုံတွေ့နေရသည်။ ချင်းပြည် (Chinland) ရှိ တော်လှန်ရေးအင်အားစုများ စုစည်းညီညွတ်ရေးကို ရန်သူ့ဖိအားကြောင့် သို့မဟုတ် နိုင်ငံတကာ၏ တိုက်တွန်းမှုကြောင့် လိုအပ်ခြင်း မဟုတ်ပါ။ ချင်းလူမျိုးဖြစ်ခြင်းနှင့် ချင်းပြည် (Chinland) ၏ အနာဂတ်ကို ချင်းလူမျိုးကိုယ်တိုင် ဖန်တီးရန် လိုအပ်သောကြောင့် ချင်းတော်လှန်ရေးအင်အားစုများ စုစည်းညီညွတ်ရန် လိုအပ်ခြင်းဖြစ်သည်။

## ရေရှည်တည်တံ့မည့် ယန္တရားများတည်ဆောက်ခြင်း

ချင်းပြည် (Chinland) ကောင်စီ၏ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် ချင်းပြည် (Chinland) အုပ်ချုပ်ရေး ခိုင်မာအားကောင်းရန် လိုအပ်သည်။ ကျန်းမာရေး၊ ပညာရေး၊ တရားမျှတမှု၊ လုံခြုံရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီစသည်တို့ကို အချိန်မဆိုင်းဘဲ ချက်ချင်းဆောင်ရွက်ရန်လိုအပ်သည်။ ဝန်ဆောင်မှုလုပ်ငန်းများအပြင် အရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲခြင်း၊ တာဝန်ယူမှုတာဝန်ခံမှုရှိခြင်းနှင့် လုံခြုံစိတ်ချရသည့် လူ အဖွဲ့အစည်းကို ဖန်တီးရန်လိုအပ်သည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် ဘက်ပေါင်းစုံလွှမ်းခြုံသော အရပ်သားပြည်သူအကာကွယ်ပေးရေး အစီအစဉ်များ ထားရှိရန် လိုအပ်သည်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် ချင်းပြည် (Chinland) ရှိ အစိုးရယန္တရားတခုလုံး ပြိုကျသွားခဲ့သည်။ အကြမ်းဖက် စစ်အုပ်စုကလည်း ပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်ခြင်းမပြုဘဲ ခြိမ်းခြောက်ထိန်းချုပ်ခြင်းနည်းလမ်းကို အသုံးပြုနေသည်။ ထို့ကြောင့်ပြိုလဲနေသော အုပ်ချုပ်ရေးယန္တရားများကို ပြန်လည်တည်ဆောက်ရန် ချင်းပြည် (Chinland) အစိုးရနှင့် ဒေသန္တရအစိုးရများ၌ တာဝန်ရှိလာသည်။

ပြည်သူကိုအခြေပြုသည့် ပြည်သူ့ဝန်ဆောင်မှုကို ဖော်ဆောင်သော ယန္တရားများကို ဖော်ဆောင်ရန် အရေးကြီးသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ယခင်ကကျင့်သုံးခဲ့သော အုပ်ချုပ်ရေးပုံစံကို ပုံတူကူးချ၍ မရပါ။ ဒေသန္တရများမှ ဦးဆောင်ပါဝင်ပြီး စုပေါင်းဆုံးဖြတ်ချက်ချမှတ်ခြင်းကို ဦးတည်ကာ၊ ပူးပေါင်းပါဝင်မှုနှင့် တိုင်ပင်ညှိနှိုင်းမှုကို အားပေးပြီး တည်ရှိနေသော မျိုးနွယ်စုနှင့် ဒေသ ဖြစ်တည်မှုများကို တန်ဖိုးထား ထင်ဟပ်သည့် အုပ်ချုပ်ရေးစနစ်ကို တည်ဆောက်ရန် လိုအပ်ပါသည်။ ချင်းပြည် (Chinland) ကောင်စီက ဦးဆောင်ဖွဲ့စည်းထားသော ယန္တရားများကို ပြည်သူနှင့် အာဏာပိုင်များအကြား ကောင်းမွန်သော ဆက်ဆံရေးကို တည်ဆောက်နိုင်ရန် ဖန်တီးထားသည်။ ယင်းယန္တရားများက ရေရှည်တွင် ချင်းပြည် (Chinland) ၌ ဒီမိုကရေစီနည်းကျသော အစိုးရစနစ်ကို တည်ဆောက်ရန်အတွက် အခြေခံအုတ်မြစ်များ ဖြစ်ပါသည်။

ချင်းပြည် (Chinland) ၏ အုပ်ချုပ်ရေးအဖွဲ့အစည်းများကို ခိုင်မာအားကောင်းစေခြင်းသည် အနာဂတ်အတွက် အရေးပါသည်။ ပဋိပက္ခများ ပိုမိုရှည်ကြာလာပါက ခိုင်မာအားကောင်းသော အုပ်ချုပ်ရေးအဖွဲ့အစည်းများသည် အရပ်သားများကို အကာအကွယ်ပေးခြင်း၊ ပြည်သူ့ဝန်ဆောင်မှုပေးခြင်းနှင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေရသူများကို အကူအညီပေးရေးအတွက် မရှိမဖြစ် လိုအပ်မည်ဖြစ်သည်။ ထို့အပြင် ကြိုတင်မှန်းဆရန်ခက်ခဲသော သဘာဝဘေးဒါဏ်၊ လောင်စာဆီပြတ်လပ်မှု စသည့် ဒုက္ခများကိုလည်း ကူညီပံ့ပိုးနိုင်ရန် အရေးပါမည်ဖြစ်သည်။ နိုင်ငံရေးအသွင်ကူးပြောင်းမှုများ ဖြစ်ပေါ်လာပါကလည်း ဖွဲ့စည်းတည်ဆောက်ထားသော ယန္တရားများက အသွင်ပြောင်းကာလအတွင်း တာဝန်ခံဆောင်ရွက်နိုင်မည်ဖြစ်သည်။

အကြမ်းဖက်စစ်အုပ်စုကို ဖြုတ်ချနိုင်ပါက တည်ဆောက်ဖွဲ့စည်းထားသော ချင်းပြည် (Chinland) နှင့် ဒေသန္တရအုပ်ချုပ်ရေးတို့၏ အခန်းကဏ္ဍသည် ပိုမိုအရေးပါမည်ဖြစ်သည်။ ယင်းတို့ကို အခြေခံပြီး အနာဂတ် အုပ်ချုပ်ရေးစနစ်များကို တည်ဆောက်သွားနိုင်မည်ဖြစ်သည်။

အခက်အခဲနှင့် စိန်ခေါ်မှုမျိုးစုံကြားထဲမှ အုပ်ချုပ်ရေးယန္တရားများကို ခိုင်မာအားကောင်းအောင် တည်ဆောက်ကြရမည်ဖြစ်သည်။ အကြမ်းဖက်စစ်အုပ်စု၏ ဖိအားနှင့်ထိုးစစ်များ ဆက်ရှိနေမည်ဖြစ်သောကြောင့် စစ်ရေးပြင်ဆင်ဖော်ဆောင်မှုများ၊ အရပ်သားပြည်သူများကို အကာကွယ်ရေးခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေရမည်ဖြစ်သည်။ မကြာသေးမီကာလအတွင်း အကြမ်းဖက်စစ်အုပ်စုဖက်က စစ်ရေးအရ ဖိအားပေးမှု ပိုမိုအားကောင်းလာသော်ငြားလည်း ယင်း၏ ရည်ရွယ်ချက်များ ပြီးမြောက်ရန် အလှမ်းဝေးကွာဆဲဖြစ်သည်။ ထို့ကြောင့် ပဋိပက္ခများ ပိုမိုရှည်ကြာလာမည်ဖြစ်သည်။ ဤအခြေအနေတွင် ဖွဲ့စည်းထားသော ယန္တရားများ၏ ကြံ့ကြံ့ခံနိုင်မှု၊ လိုက်လျောညီထွေစွာ တုန့်ပြန်ဆောင်ရွက်နိုင်မှုတို့သည် စစ်မြေပြင်ရှိ တိုက်ပွဲအောင်မြင်မှုများနှင့် ထပ်တူတပ်မျှအရေးကြီးပါသည်။ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေး လုပ်ငန်းများသည် ဦးစားပေးလုပ်ငန်းအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်သည်။

ချင်းတော်လှန်ရေးအင်အားစုများအကြား စုစည်းညီညွတ်မှုမရှိခြင်း၏ နောက်ဆက်တွဲ စိန်ခေါ်မှုများအဖြစ် ယှဉ်ပြိုင်အုပ်ချုပ်ရေးနှင့် သီခြားနိုင်ငံရေးဖြစ်စဉ်များကိုလည်း ကြုံတွေ့နေရသည်။ ယင်းကွဲပြားမှုက ပူးပေါင်းဆောင်ရွက်ခြင်း၊ အရင်းအမြစ်များ စနစ်အသုံးချခြင်း အပါအဝင် ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် အခက်အခဲများ ဖြစ်ပေါ်စေသည်။ သို့သော်လည်း ချင်းတော်လှန်ရေးအင်အားစုများတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး၊ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကျင့်သုံးရေး၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး စသည့် တူညီသော အခြေခံ ဘုံရည်မှန်းချက်ပန်းတိုင်များရှိကြသည်ကို တွေ့ရှိရပါသည်။ မီဇိုရမ်ပြည်နယ် အစိုးရ၏ ကြားဝင်စေ့စပ်ပေးမှုဖြင့် ဆောင်ရွက်လျက်ရှိသည့် ပေါင်းစည်းရေးလုပ်ငန်းစဉ်တွင်လည်း ညီညွတ်မှုမရှိပါက ရေရှည်တွင် တော်လှန်ရေးအင်အားစုများ၏ ဘုံရည်မှန်းချက်ပန်းတိုင်သို့ မရောက်ရှိနိုင်ကြောင်း ပေါ်လွင်နေပါသည်။




အနှစ်ချုပ်ရလျှင် ချင်းပြည် (Chinland) သည် ဖြစ်တန်ခြေ အမျိုးမျိုးရှိသည့် အနာဂတ်တွင် ထိရောက်စွာ အုပ်ချုပ်နိုင်ပြီး ပြည်သူကို အကာအကွယ်ပေးကာ ဝန်ဆောင်မှုပေးနိုင်သော အဖွဲ့အစည်းများ လိုအပ်နေပါသည်။

တည်ရှိနေသော ဥပဒပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဒေသန္တရအုပ်ချုပ်ရေး အဖွဲ့များသည် မည်ကဲ့သို့သော နိုင်ငံရေး အခင်းအကျင်းများ ဖြစ်ပေါ်လာစေကာမူ အရေးပါသည့် အခန်းကဏ္ဍတွင် ရှိနေကြမည်ဖြစ်သည်။ ထို့ကြောင့် ယင်းအုပ်ချုပ်ရေးယန္တရာများ ခိုင်မာအားကောင်းရေးသည် လက်တလောကာလနှင့် ရေရှည်အနာဂတ်အတွက် လွန်စွာအရေးကြီးပါသည်။

## မဟာဗျူဟာဦးစားပေးလုပ်ငန်းစဉ်များ

### ၁။ အုပ်ချုပ်မှုနှင့် ပြည်သူ့အုပ်ချုပ်ရေးစနစ် ခိုင်မာအားကောင်းရေး

- ချင်းပြည် (Chinland) အစိုးရနှင့် ဒေသန္တရအစိုးရများအကြား ချိတ်ဆက်ဆောင်ရွက်မှု ပိုမိုအားကောင်း ခိုင်မာရေးအတွက် ညီလာခံများ၊ ညှိနှိုင်းအစည်းအဝေးများ ပုံမှန်ကျင်းပရန်နှင့် ပူးတွဲစီမံကိန်းရေးဆွဲ ရေးယန္တရားများ တည်ဆောက်ခြင်း၊ ဆက်သွယ်ဆက်ဆံရေးစနစ်များ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်သွားရန်။
- အစိုးရအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ရန်အတွက် သင်တန်းများ ကျင်းပခြင်းနှင့် အုပ်ချုပ်ရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံနှုန်းများ တပုံစံတည်းဖြစ်အောင် သတ်မှတ်ဖော်ဆောင်သွားရန်။
- ဒေသန္တရအစိုးရများ၏ ပြည်သူ့အုပ်ချုပ်ရေးစီမံခန့်ခွဲမှု၊ ဝန်ဆောင်မှုနှင့် ပြည်သူ့ဆက်ဆံရေးဆိုင်ရာ စွမ်းရည်မြှင့်တင်မှုများ ဆောင်ရွက်သွားရန်။
- အစိုးရအဖွဲ့အစည်းများနှင့် ဆုံးဖြတ်ချမှတ်သည့် လုပ်ငန်းစဉ်များတွင် အမျိုးသမီးနှင့် ကိုယ်စားပြုမှု နည်းပါးသည့် အစုအဖွဲ့များ ပိုမိုပါဝင်ရေးအတွက် ဆောင်ရွက်သွားရန်။
- အစိုးရအလွှာတိုင်းတွင် တာဝန်ခံမှု၊ အစီရင်ခံမှုနှင့် စောင့်ကြည့်လေ့လာခြင်း စနစ်များ ပိုမိုအားကောင်း အောင် ဆောင်ရွက်သွားရန်။

### ၂။ အရပ်သားပြည်သူများကို အကာအကွယ်ပေးခြင်း

- လက်နက်ကိုင်ပဋိပက္ခကြောင့် အရပ်သားပြည်သူများအပေါ် ထိခိုက်မှုများကို အချက်အလက်စုဆောင်းခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ အကာအကွယ်ပေးခြင်းနှင့် တုန့်ပြန်ခြင်းတို့ကို ဆောင်ရွက်ရန် အရပ်သားပြည်သူ အကာအကွယ်ပေးရေးဆိုင်ရာ မူဘောင်တရပ်ကို ရေးဆွဲကျင့်သုံးသွားရန်။
- NGOs၊ CBOs များနှင့် ချိတ်ဆက်ဆောင်ရွက်ပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပိုမိုရရှိရေး အပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အချက်အလက်များရရှိရေးနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ လမ်းညွှန်မူတရပ် ရေးဆွဲချမှတ်သွားရန်။
- အမျိုးသမီး၊ ကလေးသူငယ်၊ သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် မူဝါဒရေးဆွဲချမှတ်သွားရန်။
- မြေမြှုပ်မိုင်းဆိုင်ရာ မူဝါဒတရပ် ရေးဆွဲအကောင်အထည်ဖော်သွားရန်။
- ချင်းပြည် (Chinland) အဆင့်နှင့် ဒေသန္တရအဆင့်တွင် အရေးပေါ်အခြေအနေအတွက် ကြိုတင်ပြင်မှုနှင့် ဘေးအန္တရာယ်တုန့်ပြန်ရေး စနစ်များ ပိုမိုအားကောင်းအောင် ဆောင်ရွက်သွားရန်။

### ၃။ အာလုံးလက်လှမ်းမှီသည့် ပညာရေးစနစ်တည်ဆောက်ရေး

- ချင်းပြည် (Chinland) တဝန်းတွင် ကျောင်းဆရာ/ဆရာမ အလုံအလောက် ခန့်အပ်ထားရှိရန်နှင့် လုပ်ခ လစာ ပုံမှန်ထောက်ပံ့နိုင်ရေး ဆောင်ရွက်သွားရန်။
- စာသင်ကျောင်းများကို စောင့်ကြည့်ခြင်း၊ ကျောင်းသူကျောင်းသားများကို စနစ်တကျပြုစုပျိုးထောင်ခြင်း၊ ကျောင်းစီမံခန့်ခွဲရေး အထောက်အပံ့များ ပိုမိုရရှိရေးနှင့် ပညာရေးစနစ်အတွင်း ချိတ်ဆက်ဆောင်ရွက်မှု ပိုမို ကောင်းမွန်ရေးအတွက် မြို့နယ်နှင့်ဒေသ ပညာရုံးများကို အားကောင်းအောင် ဆောင်ရွက်သွားရန်။
- အဆင့်မြင့်ပညာသင်ကြားမှု အခွင့်အလမ်းများကို ဖန်တီးရန်အတွက် အဆင့်မြင့်ပညာရေးဆိုင်ရာမူဝါဒကို အကောင်အထည်ဖော်ခြင်း၊ ချင်းအမျိုးသားတက္ကသိုလ်ကို ထောက်ပံ့ခြင်း၊ ပညာသင်ဆုများ ချီးမြှင့်ခြင်း အပါအဝင် နိုင်ငံတကာ ပညာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရန်။




### ၄။ ကျန်းမာရေးစနစ် ပြန်လည်တည်ဆောက်ရေးနှင့် ခိုင်မာအားကောင်းရေး

- သူနာပြုနှင့် ဆေးကျောင်းများ၊ ပညာသင်ဆုများ၊ သင်တန်းများ၊ အရည်အချင်းအာမခံ စနစ်များနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် တက်လမ်းဖန်တီးခြင်းတို့ကို ပိုမိုအားကောင်းအောင် ဆောင်ရွက်သွားရန်။
- ကျန်းမာရေးစင်တာများကို မြှင့်တင်ခြင်း၊ ဝန်ဆောင်မှုများကို စံချိန်စံနှုန်းနှင့်အညီ ဆောင်ရွက်ခြင်း၊ ဆေးနှင့် ဆေးပစ္စည်းများ ပိုမိုလွယ်ကူစွာရရှိရေးနှင့် ကျန်းမာရေးပံ့ပိုးသူများ၊ ဒေသန္တရအာဏာပိုင်များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေပြီး ကျန်းမာရေးဝန်ဆောင်မှု ကဏ္ဍ၏ အရည်အသွေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုကောင်းအောင် ဆောင်ရွက်သွားရန်။

- ပဋိပက္ခဒါဏ်ကို ခံစားနေရပြီး သွားလာရေးခက်ခဲသောနေရာများရှိ မိခင်ကျန်းမာရေး၊ မွေးကင်းစ ကလေးငယ်များကျန်းမာရေးနှင့် အမျိုးသမီးကျန်းမာရေး ဝန်ဆောင်မှုများကို ချဲ့ထွင်သွားရန်။
- ချင်းပြည် (Chinland) ကျန်းမာရေးမူဝါဒကို အကောင်အထည်ဖော်ခြင်း၊ ကျန်းမာရေးအချက်အလက် စီမံခန့်ခွဲမှုစနစ်ကို တိုးချဲ့ခြင်း၊ အချက်အလက်များကို စနစ်တကျအစီရင်ခံခြင်း၊ ကျန်မာရေးဆိုင်ရာ အုပ်ချုပ်မှုနှင့် ခေါင်းဆောင်မှုများ ပိုမိုအားကောင်းရေးနှင့် အချက်အလက်ကို အခြေခံသည့် စီမံကိန်းရေးဆွဲခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပြီး ရေရှည်တည်တံ့သော ကျန်းမာရေးစနစ် အတွက် အခြေခံအုပ်မြစ်များ တည်ဆောက်ချမှတ်သွားရန်။

**၅။ ပြည်သူ့ဘဏ္ဍာရေးနှင့် စီးပွားရေး နိုင်မာရေး**

- ပြည်သူ့ဘဏ္ဍာဆိုင်ရာ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှု တိုးတက်ကောင်းမွန်ရန် အခွန်အခကောက်ခံခြင်း၊ ဘတ်ဂျတ်ရေးဆွဲခြင်း၊ ဘဏ္ဍာရေးထိန်းကျောင်းမှုနှင့် စာရင်းစစ် စနစ်တို့ကို ပြန်လည်သုံးသပ်ပြီး ပိုမို အားကောင်းအောင် ဆောင်ရွက်သွားရန်။
- ဘဏ္ဍာငွေစီမံခန့်ခွဲခြင်း၊ အသုံးစရိတ်ပြင်ဆင်ခြင်းနှင့် ဝန်ဆောင်မှုများကို ထိရောက်စွာနှင့် မျှတစွာ ပေးနိုင် ရေးအတွက် အစိုးရအလွှာအဆင့်အားလုံးတွင် စွမ်းရည်မြှင့်တင်မှုများ ဆောင်ရွက်သွားရန်။
- ကုန်သွယ်ရေး လွယ်ကူချောမွေ့ရန် လိုအပ်သည့် အခြေခံအဆောက်အဦးများ တည်ဆောက်ခြင်း၊ ဥပဒေ မူဘောင်များ ရေးဆွဲချမှတ်ခြင်းနှင့် စီးပွားရေးဆိုင်ရာအခွင့်အလမ်းများ ဖန်တီးခြင်းတို့ကို ဆောင်ရွက်သွားရန်။
- ရေရှည်ဘဏ္ဍာရေး တည်တံ့ခိုင်မာရေးအတွက် အခွန်အခကောက်ခံခြင်း၊ ပြည်သူ့ဝန်ဆောင်မှုနှင့် တာဝန်ယူမှု တာဝန်ခံမှုရှိသည့် အုပ်ချုပ်ရေးတို့အကြား မည်သို့မည်ပုံ ချိတ်ဆက် ဆက်နွှယ်မှုများကို ပြည်သူများက ပိုမို သိရှိနားလည်အောင် ဆောင်ရွက်သွားရန်။

**၆။ ညီညွတ်ရေးတည်ဆောက်ခြင်းနှင့် အစိုးရယန္တရားများ ခိုင်မာအားကောင်းရေး**

- စင်ပြိုင်တည်ရှိနေသော ချင်းနိုင်ငံရေးနှင့် အုပ်ချုပ်ရေးအဖွဲ့များအကြား တွေ့ဆုံဆွေးနွေးရေး၊ ယုံကြည်မှု တည်ဆောက်ရေးနှင့် လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်နိုင်ရေးတွက် ပံ့ပိုးကူညီမှုများ ဆောင်ရွက်သွားရန်။
- ချင်းပြည် (Chinland) တဝန်းလုံး ညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို အထောက်အပံ့ဖြစ်စေမည့် ယန္တရားများ၊ ဥပဒေများနှင့် အုပ်ချုပ်ရေးစနစ်တို့ကို ဖော်ဆောင်သွားရန်။
- အုပ်ချုပ်ရေး၊ ဝန်ဆောင်မှုပေးခြင်း၊ တရားရေးနှင့် ပြည်သူ့အုပ်ချုပ်ရေးတို့တွင် ဘုံကျင့်သုံးနိုင်သည့် စံချိန် စံနှုန်းများ သတ်မှတ်ဖော်ဆောင်သွားရန်။
- အရေးပေါ်အခြေအနေများတွင် စနစ်တကျ ချိတ်ဆက်ဆောင်ရွက်နိုင်ရန်အတွက် အစိုးရယန္တရားများ အကြား မရှိမဖြစ်လိုအပ်သည့် ဆက်သွယ်ရေးလမ်းကြောင်းများကို သတ်မှတ်ဖော်ဆောင်သွားရန်။

# နိုင်ငံတကာမှ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ

ယခုကဲ့သို့ ပဋိပက္ခများ ဖြစ်ပွားနေသည့် ခက်ခဲကြမ်းတမ်းသောကာလတွင် ချင်းပြည်သူများကို နည်းလမ်း အသွယ်သွယ်ဖြင့် ပံ့ပိုးကူညီခဲ့ကြသော နိုင်ငံတကာရောက်ပြည်သူများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ လူသားချင်း စာနာထောက်ထားမှု အကူအညီပေးသည့်အဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် အစိုးရများကို ချင်းပြည် (Chinland) ကောင်စီအနေဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်း လေးနက်စွာဖြင့် ဖော်ပြလိုပါသည်။ ယင်းပံ့ပိုးကူညီမှုများက လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့သည်။ ရပ်ရွာများ ရှင်သန်ရပ်တည်ရေး၊ ဒေသခံများ၏ စွမ်းရည်မြှင့်တင်ရေး၊ အခြေခံလိုအပ်ချက်များကို ဝန်ဆောင်မှုပေးရေး စသည့်ကဏ္ဍများစွာကို အထောက်အပံ့ဖြစ်စေခဲ့သည်။

တချိန်တည်းတွင် ချင်းပြည် (Chinland) ၏ လိုအပ်ချက်သည် ကြီးမားနေဆဲဖြစ်သည်။ ပဋိပက္ခကြောင့် သိန်းနှင့်ချီသော ပြည်သူများ ဒုက္ခခံစားနေရဆဲဖြစ်သည်။ နေရပ်စွန့်ခွာတိမ်းရှောင်ထွက်ပြေးမှု၊ စီးပွားရေး ချွတ်ခြုံကျမှု၊ ပြည်သူ့ဝန်ဆောင်မှု အကန့်အသတ်ရှိမှုတို့ကို ကြုံတွေ့ရဆဲဖြစ်သည်။ ထို့ကြောင့် နိုင်ငံတကာ၏ အကူအညီများ တိုးမြှင့် ရရှိရန် လိုအပ်နေပါသည်။

လူသားချင်းစာနာထောက်ထားမှု အကူအညီတခုတည်းသာမက အခြားကဏ္ဍရပ်များစွာတွင်လည်း အကူအညီ အထောက်အပံ့များ လိုအပ်နေပါသည်။ ပညာရေး၊ ကျန်းမာရေး၊ ဒေသန္တရအုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ အရပ်သား

အကာအကွယ်ပေးရေးတို့ အပါအဝင် အရေးပေါ်အကူအညီများအတွက် အထောက်အပံ့များစွာ လိုအပ်လျက်ရှိနေပါသည်။ ချင်းပြည် (Chinland) နှင့် မြန်မာနိုင်ငံရှိ အခြားဒေသများ၏အတွေ့အကြုံအရ ဒေသန္တရအဆင့် အုပ်ချုပ်ရေးယန္တရားများ ခိုင်မာအားကောင်းပါက ဝန်ဆောင်မှုနှင့် လူသားချင်းစာနာမှုအကူအညီများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ကြောင်း လေ့လာတွေ့ရှိရသည်။ ဒေသန္တရအဆင့်ယန္တရားများကို ပံ့ပိုးကူညီခြင်းဖြင့် လတ်တလော လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့်အပြင် ရေရှည်တွင် ကြုံတွေ့ရမည့် စိန်ခေါ်မှုများအတွက် လိုအပ်သော စွမ်းဆောင်ရည်များကို ကြိုတင်ပြင်ဆင်မြှင့်တင်ထားနိုင်မည်ဖြစ်သည်။

ချင်းပြည်သူတို့၏ အရေးပေါ်လိုအပ်ချက်များကို တုန့်ပြန်ဖြေရှင်းမှုများတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးသည့် အဖွဲ့အစည်းများ၊ NGO များ၊ CBO များနှင့် ဘာသာရေးအသင်းအဖွဲ့များ၏ အခန်းကဏ္ဍသည် အစဉ်တစိုက် အရေးပါနေမည်ဖြစ်သည်။ တချိန်တည်းတွင် ပညာရေး၊ ကျန်းမာရေး၊ အရပ်သားအကာအကွယ်ပေးရေးနှင့် ပြည်သူ့အုပ်ချုပ်ရေးလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက်မူ ဖွဲ့စည်းတည်ဆောက်ထားသည့် အစိုးရယန္တရားများတွင် ရင်းနှီးမြှုပ်နှံရန် လိုအပ်ပါသည်။ ထို့ကြောင့် နိုင်ငံတကာရှိ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ပြည်သူများသို့ အကူအညီနှင့် ဝန်ဆောင်မှုများကို စနစ်တကျ ပေးပို့ဆောင်ရွက်နိုင်ရေးအတွက် ချင်းပြည် (Chinland) ရှိ တရားဝင် အစိုးရယန္တရားများကို ခိုင်မာအားကောင်းအောင် ပံ့ပိုးကူညီမှုများဆောင်ရွက်နိုင်သည်။ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် အကူအညီထပ်နေမှုများကို ရှောင်ရှားနိုင်မည်ဖြစ်ပြီး အကူအညီရရှိမှု ကွာဟချက်များကိုလည်း ကျဉ်းမြောင်းစေနိုင်မည် ဖြစ်ပါသည်။

ဤအစီရင်ခံစာတွင် ဖော်ပြထားသည့် ယန္တရားများသည် ပုံမှန်လည်ပတ်နေပြီဖြစ်ကာ ပြည်သူ့ဝန်ကို လက်တွေ့ထမ်းဆောင်နေကြပြီဖြစ်သည်။ ယင်းယန္တရားများကို ပံ့ပိုးကူညီခြင်းဖြင့် လက်တွေ့အကျိုးသက်ရောက်များစွာ ရရှိနိုင်မည်ဖြစ်သည်။ ကျောင်းဆရာ/ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များ၊ ပြည်သူ့ဘဏ္ဍာရေးစနစ်၊ အရပ်သားများကို အကာအကွယ်ပေးရေးယန္တရားများစသည်တို့တွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် ရေရှည် နိုင်ငံရေးနှင့် လုံခြုံရေးအတွက်အကျိုးကျေးဇူးများစွာ ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ချင်းပြည် (Chinland) ရှိ အဖွဲ့စည်းအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကို ချင်းပြည် (Chinland) ကောင်စီက အသိအမှတ်ပြုပါသည်။ ချင်းပြည်သူများ၏ အခြေခံလိုအပ်ချက်သည် တူညီကြပြီး လိုအပ်သည့်နေရာတိုင်းသို့ အကူအညီများရောက်ရှိနိုင်ရေးအတွက် တိုက်တွန်းအားပေးလိုပါသည်။ အုပ်ချုပ်မှု၊ ပညာရေး၊ ကျန်းမာရေး၊ အရပ်သားများကို အကာအကွယ်ပေးရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ရာတွင် လိုအပ်ချက်၊ စွမ်းဆောင်ရည်နှင့် ပြည်သူ့ဘဝတိုးတက်ရေး အခွင့်အလမ်းများအပေါ် အခြေခံ၍ ပေးအပ်နိုင်ရန် အရေးကြီးပါသည်။ အကူအညီပေးအပ်မှုတိုင်းတွင် ပဋိပက္ခ၏ ထိလွယ်ရှလွယ်မှုကို ထည့်သွင်းစဉ်းစားပြီး ဒေသန္တရအုပ်ချုပ်မှုစနစ်များ အားကောင်းခိုင်မာရေးကို ရှေးရှုရန်လည်း တိုက်တွန်းလိုပါသည်။

ကုန်လွန်ခဲ့ပြီးသည့် ငါးနှစ်ကျော်ကာလအတွင်းတွင် ချင်းပြည်သူများက ၎င်းတို့၏ ဆန္ဒအစစ်အမှန်၊ ကြံ့ကြံ့ခံနိုင်စွမ်းနှင့် သန္နိဋ္ဌာန်တို့ကို ထုတ်ဖော်ပြသခဲ့ပြီးဖြစ်သည်။ နိုင်ငံတကာအသိုင်းအဝိုင်း၏စဉ်ဆက်မပြတ် ပံ့ပိုးကူညီမှုဖြင့် အရေးပေါ်လိုအပ်ချက်များကို ဖြည့်ဆည်းရုံသာမက ဖွဲ့စည်းတည်ဆောက်ထားသော အစိုးရယန္တရားများကို ခိုင်မာအားကောင်းစေကာ ငြိမ်းချမ်းပြီးဒီမိုကရေစီကျင့်စဉ်နှင့်အညီ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသောအနာဂတ်ကို လက်တွေ့ကျကျ ဦးတည်တည်ဆောက်သွားနိုင်မည်ဖြစ်ပါသည်။

# ချင်းပြည် (Chinland)
# တည်ဆောက်ခြင်း

ချင်းပြည်သူတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ကျင့်သုံးပြီး
(၂) နှစ်ခွဲကာလအတွင်း အုပ်ချုပ်ရေးဖော်ဆောင်မှု

**အစီရင်ခံစာ**

ဩဂုတ် ၂၀၂၆